
www.dhammaransi.com

သုဝဏ္ဏသျှမ်စာစဉ်



မဟာဗောဓိမြိုင် ဆရာတော်
ဝနဝါသီ ဥယျာဇမ္ဗူသာမိထေရ်၏

# တံခွန်ထူ နတ်လှူသိစေသား

ဘုရား အနေကဇာတင်ခြင်း အကြောင်းရင်း ရှင်းလင်းချက် နှင့်
အနေကဇာတင်မှု အပြည့်အစုံ

## မောင်သွေးချွန်

စုစည်းပြုစုသည်

GRAPHIC DESIGN : KYAW MINN MOUN

၃ ၈

www.dhammaransi.com

**အဓိဋ္ဌာန်**

အဖကိုယ်စား၊ သာသနာထား၍
အမိကိုယ်စား၊ နိုင်ငံထား၍
ချစ်သားပြုစု၊ လုပ်ကျွေးမှုဖြင့်
နုရာမှရင့်၊ ရင့်ပြီးပွင့်အောင်
ကျင့်ဆောင်အားသစ်ရပါစေ။

**မောင်သွေးချွန်**

**သုဝဏ္ဏသျှမ်**
**သာသနာပြုစာစဉ်**
အမှတ်(၇၄) သာယာအေးလမ်း၊ ၃-ရပ်ကွက်၊ သမိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၀၆၇၀

www.dhammaransi.com


ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး
"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.dhammaransi.com



မဟာဗောဓိမြိုင် ဆရာတော်
ဝနဝါသီဥယျ ဓမ္မသာမိထေရ်

www.dhammaransi.com

၂၄၂၁၁.

[illegible] ကား ပြန့်ပွား ရေးဦးစီးဌာန
[illegible] တိုက်
နမောဝေ [illegible] ပိရိတ္တ [illegible]

သုဝဏ္ဏသျှမ်
သာသနာပြု စာစဉ်-၃

## မဟာဗောဓိမြိုင်ဆရာတော်

## ဝနဝါသီ ဥယျဓမ္မသာမိထေရ်

၏

# တံခွန်ထူ နတ်လှူသိမ်ဓေသား

ဘုရားအနေကဇာတင်ရခြင်းအကြောင်းရင်းရှင်းလင်းချက်
နှင့်
အနေကဇာတင်မှုအပြည့်အစုံ

ဆရာတော်ကြီး၏ ထေရုပတ္တိ တစ်စိတ်တစ်ဒေသ
ဓမ္မလမ်းစဉ်၊ သဘောထား ကြေညာချက်
ဥယျဓမ် ရွှေချက်သို တံခွန်တိုင်စေတီအောင်ပွဲ တရားစု

မောင်သွေးချွန်
စုစည်းပူဇော်သည်

www.dhammaransi.com

**ပထမအကြိမ်** ၂ | ၃

သက္ကရာဇ် ၂၀၀၀ မတ်လ

အုပ်ရေ --- ၁၀၀၀

မျက်နှာဖုံး --- ကျော်မင်းမောင်

စာစီ --- ခွန်မျိုး

ထုတ်လုပ်ရေးအဖွဲ့ --- နန်းခမ်းဖောင်၊ နန်းရွှေအေး၊ ကျော့ကျော့မိုး

စာအုပ်ချုပ် --- ကိုမြင့်

မျက်နှာဖုံးဖလင် --- Lucky

အတွင်းဖလင် --- AZ

ထုတ်ဝေသူ --- ဦးဝင်းဖေ၊ (ကင်းလွတ်ခွင့် ၂၈၅-ယာယီ)
စာတည်းမှူးချုပ်၊စာပေဗိမာန်အဖွဲ့။
အမှတ်-၅၂၉၊၅၃၁--ကုန်သည်လမ်း၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ် --- ဦးကျော်ဌေး၊(မြ-၀၂၇၇၃)
ရွှေဇင်ကျော်အော့ဖ်ဆက်၊
အမှတ်(၂၅၁)၊ ၃၄လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။


---

**တန်ဖိုး ၂၀၀ ကျပ်**

---


**အထွေထွေဖန်တီးမှု - အိုက်မွန်း**

www.dhammaransi.com




ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ရိပ်မှ
မောင်သွေးချွန်

www.dhammaransi.com



ဥယျာဉ်မင်း ရွှေချက်သို တံခွန်တိုင် စေတီတော်အား
ဆရာတော်ဘုရားကြီး ကန်တော့နေစဉ်

www.dhammaransi.com



တည်ဆောက်ပြီးစီးစ
ဥဃျဓမ် ရွှေချက်သို တံခွန်တိုင် စေတီတော်

www.dhammaransi.com




တည်ဆောက်ဆဲ ဥဃျမ် ရွှေချက်သို တံခွန်တိုင်

www.dhammaransi.com




ဥယျခမ် ရွှေချက်သို တံခွန်တိုင် စေတီ နေ့ရှုခင်း

www.dhammaransi.com




ဥဩယျှမ်ဗမ် ရွှေချက်သို တံခွန်တိုင် မှ
နတ်တလှူတော်ရ ၏ မင်းဘိသိက်ခံ ဘုရားသို့

www.dhammaransi.com



မင်းကွန်းရွာမှ ဆရာတော်ဘုရားကြီး၏
ဖွားရာ ဇာတိအိမ်

www.dhammaransi.com



ဥဒေယျဗမ် ရွှေချက်သို တံခွန်တိုင် စေတီ မှ
ကျောက်စာတစ်ချပ်

www.dhammaransi.com

# မာတိကာ


| | | | |
|---|---|---|---|
| * | အမှာစာ | ... | ၁ |
| ၁။ | ဒေဝယျာခမ် ရွှေချက်သို တံခွန်တိုင် ကျောက်စာများက ပြောပြတဲ့ ဘဝအစနှင့် ဓမ္မလမ်းစဉ် | .. | ၅ |
| ၂။ | ရွှေချက်သို တံခွန်တိုင် ဌာပနာသွင်းပွဲ သြဝါဒ တပ်တော်ဦးက အောင်လံတော် | ... | ၁၅ |
| ၃။ | ဘုရား အနေကဇာတင်ရခြင်း အကြောင်းရင်းနှင့် ရှင်းလင်းချက် | ... | ၂၃ |
| ၄။ | ရွှေချက်သို တံခွန်တိုင် စေတီ ထီးတော်တင်ပွဲ သြဝါဒ တံခွန်ထူ နတ်လူ သိစေသား | ... | ၅၃ |
| ၅။ | တိဟိတ်စေတနာနှင့် တိဟိတ်ပုဂ္ဂိုလ် | ... | ၆၅ |
| ၆။ | ဒေဝယျာခမ် ရွှေချက်သို တံခွန်တိုင်စေတီ ဘုရားအနေကဇာတင်မှု အပြည့်အစုံ (ပါဠိ) | ... | ၇၉ |

www.dhammaransi.com

# နမောတဿ ဗုဒ္ဓ ဝိရတ္ထု

## အမှာစာ

ဘုရားအနေကဇာတင်ခြင်းသည် ဗုဒ္ဓဘာသာမြန်မာတို့၏ ဓလေ့ထုံးတမ်းတစ်ခုပင် ဖြစ်နေပါပြီ။ ဗုဒ္ဓဘုရားရှင်၏ ကိုယ်စားတော်ရုပ်ပွား ဆင်းတုတော်များ ပင့်ဆောင်ပြီးလျှင် ဘုရားအနေကဇာတင် ပူဇော်လေ့ ရှိပါသည်။ တစ်ကြိမ်မဟုတ် အကြိမ်ကြိမ်ပူဇော်လေ့ ရှိပါသည်။ ဘုရားစေတီများ တည်ထားပြီးလျှင်လည်း အောင်တော်မူခြင်း အထိမ်းအမှတ်အဖြစ် ဘုရားအနေကဇာတင်လေ့ရှိပါသည်။ ထို့ကြောင့် ဘုရားအနေကဇာတင်ခြင်းသည် အိမ်တိုင်း ကျောင်းတိုင်း ရဟန်းရှင်လူတိုင်း၏ မြင့်မြတ်သော အလေ့အထတစ်ခု ဖြစ်ခဲ့ပါပြီ။

ဘုရားအနေကဇာတင်ပွဲများကို မိမိနေအိမ်မှသည် ဓမ္မမိတ်ဆွေများ၏ နေအိမ် နေရာဌာန အတော်များများမှာ ကြုံတွေ့ပါဝင်ပူဇော်ခဲ့ပြီး ဖြစ်ပါသော်လည်း 'ဘုရားအနေကဇာတင်ရခြင်း အကြောင်းရင်း' ကို သေသေချာချာ မသိခဲ့ပါ။ ကျွန်တော်၏ အသိကွက်လပ်ကို ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကပင် ရှင်းလင်း ဖြည့်ဆည်းပေးတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ဇာတိမြေ မင်းကုန်း ရွာကလေးတွင် **ဉာဏ်ယျမိမ် ရွှေချက်သို တံခွန်တိုင်စေတီ** တည်ထား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် သံဃာတော်များနှင့်အတူ 'အနေကဇာ' တင်တော်မူပါသည်။ ၁၃၆၁ ခု၊ ကဆုန်လပြည့်နေ့မှသည် ဘုရားရှင် ပွင့်တော်မူ

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com

## အမှာစာ

ရာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၏ ကဆုန်လပြည့်နေ့ဆီသို့ ဆရာတော်ဘုရားကြီးက တရားတော်အားဖြင့် ဆွဲခေါ်သွားကာ

'တို့အဘဘုရား ဒါတွေ ဒီလိုကျင့်တော်မူခဲ့တယ်' ဆိုတာ လိုက်လံပြသနေသကဲ့သို့ မြင်လာကြားလာခဲ့ရပါသည်။ ဤသို့ဖြင့်ပင် ဘုရားရှင်အား သက်တော်ထင်ရှား ကြွလာဘိသည့်အလား ရှိသေစွာ ညွှတ်တွား ဖူးမြော်ခွင့် ရစေခဲ့ပါသည်။

ဥဿျှခမ် ရွှေချက်သို တံခွန်တိုင်စေတီသည်လည်း ကျေးဇူးရှင် မဟာ ဗောဓိမြိုင် ဆရာတော်ဘုရားကြီး၏ သာသနာပြု မှတ်တိုင်များတွင် အလွန် အရေးကြီးသော ပူဇော်ရာဌာနတစ်ခု ဖြစ်ခဲ့ပါပြီ။ ထို့ကြောင့် ဘုရားအနေကဇာတင်ခြင်းအကြောင်းနှင့်အတူ ဤဥဿျှခမ် ရွှေချက်သို တံခွန်တိုင်နှင့် ပတ်သက်သမျှ ဆရာတော်ဘုရားကြီး၏ ဩဝါဒတရားတော်များကို စုစည်းပူဇော်လိုက်ပါသည်။

ဤတွင် ဝန်ခံတောင်းပန်စရာ တစ်ခု ရှိနေပါသည်။

ဥဿျှခမ်ရွှေချက်သိုတံခွန်တိုင်အကြောင်းနှင့်ဩဝါဒဆောင်းပါးနှစ်ပုဒ်ကို အခြားသော တရားစာအုပ် နှစ်အုပ် စုစည်းမှုတွင် တစ်ပုဒ်စီ ပါဝင်သွားခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဥဿျှခမ် ရွှေချက်သို တံခွန်တိုင် စေတီ တည်ထားခြင်းလည်း မပြီးစီးသေး၊ အနေကဇာလည်း မတင်ရသေးသဖြင့် ရွှေချက်သိုဆိုင်ရာ စုစည်းမှုများ သီးသန့်ပူဇော်နိုင်လိမ့်မည်ဟု ကြိုတင်မခန့်မှန်းမိပါသောကြောင့် အခြားစာအုပ်များတွင် ထည့်လိုက်ရခြင်း ဖြစ်ပါသည်။ ယခု ထိုနှစ်အုပ်မှ ဆောင်းပါးနှစ်ပုဒ်ကို ဤတွင် ပြန်လည်စုစည်းဖော်ပြအပ်သည်ကို နားလည်ခွင့်လွှတ်စေလိုပါ

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



သည်။ ရွှေချက်သိုနှင့် ပတ်သက်၍ တစ်စုတစ်စည်းတည်း ဖြစ်အောင် စီစဉ်ရခြင်းသာ ဖြစ်ပါသည်။ တရားတော် အာဘော်များ ချွတ်ချော်ခဲ့ပါသော် ကျွန်တော်၏ တာဝန်ဟု မှတ်ယူကြပါ။

ဤဆောင်းပါးများ တရားတော်များ ရေးသားပူဇော်နိုင်အောင် ကူညီကြသော နတ်တလှူသာသနာပြုအသင်းကြီးနှင့် ရွှေချက်သို တံခွန်တိုင် အလှူရှင်များ ဖြစ်ကြသော ကိုခေတ်ကို–မြတ်မွန်မိတ္တူ၊ လမ်း ၄၀ ရန်ကုန်နှင့် ကိုမင်းသူတို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြပါရစေ။ အချို့သော စာမူများကို ဦးစွာဖော်ပြခဲ့ကြသော ဂမ္ဘီရမဂ္ဂဇင်းအယ်ဒီတာများ၊ ရွှေပြည်တန်ဂျာနယ် အယ်ဒီတာများကိုလည်း ကျေးဇူးစကား ဆိုအပ်ပါသည်။

အလံတံခွန်များကို မြင်ရရုံဖြင့် ရဲစိတ်ရဲမာန် ပွားသကဲ့သို့ ဤသြဝါဒတရားစုတို့ကို ဖတ်မှတ်နာကြား၍ ကိလေသာရန်ကို တိုက်ပွဲဝင်ရာတွင် အပ္ပမာဒ သတိတရား နိုးကြားနိုင်ကြပါစေကုန်သတည်း။

လေးစားစွာဖြင့်

မောင်သွေးချွန်

၁၃၆၁ ခု ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်
၇၄–သာယာအေးလမ်း၊ ၃ ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

www.dhammaransi.com

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ဥယျာဉ်မှူး ဂျမ်မ် ရွှေချက်သို တံခွန်တိုင်ကျောက်စာများ ပြောပြတဲ့

# ဘဝအစနှင့် မမှုလမ်းစဉ်

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဦးဆောင်ကျင်းပတဲ့ 'ဒုတိယအကြိမ်မြောက် နတ်တလူတောရတပေါင်းပွဲတော်' မှာ ပါဝင်ကုသိုလ်ယူဆင်နွှဲဖို့ ၂၄-၂-၉၉ မှာပဲ ကျွန်တော်တို့ ကြိုတင်ရောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ရှေ့က လားဟူ လီရှော ရှမ်း တိုင်းရင်းသားများ တစ်ရာကျော်နဲ့ သာစည်၊ ပျဉ်းမနား စတဲ့ ရပ်ဝေးက တပည့်ဒကာ ဝေနေယျများလည်း ရောက်နေနှင့်ပါတယ်။ နတ်တလူ သာသနာပြုအသင်းကြီးရဲ့ ဂေါပကအဖွဲ့များလည်း ရေမီး ပြည့်စုံရေး၊ ကြိုဆိုနေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ သွားလာပို့ဆောင်ရေး စသည်ဖြင့် အရေးအရာပေါင်းစုံအတွက် ကြိုတင်ပြင်ဆင်လျက်ဖြင့်

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



မအားလပ်အောင် အလုပ်များလျက် ရှိပါတယ်။ ကျွန်တော်ကား နတ်တလှ တောရနှင့်လည်းကောင်း၊ ဂေါပကများနှင့်လည်းကောင်း မစိမ်းတော့ပါ။ ဆရာတော်ဘုရားကြီး နတ်တလှတောရသို့ ပြန်ကြွလာတဲ့ ၁၉၉၇ ခုနှစ်မှစပြီး အခါအခွင့်သင့်တိုင်း ရောက်ခဲ့ပါတယ်။ ဒါကြောင့် ဂေါပကဆရာများကို ဘာလုပ်ကူရမလဲ အထူးမေးနေစရာမလိုတော့ဘဲ ကိုယ်တတ်နိုင်တာ၊ ကျွမ်းကျင်တာ ဝင်လုပ်ကူရပါတယ်။

ကျွန်တော့်အဖို့ ပွဲတော်မတိုင်မီ ကြိုတင်ရောက်ရှိသွားခြင်းဟာ ကံကောင်းထောက်မ,တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်နေ့ ၂၅–၂–၉၉ မှာ 'ဥဒေယျမိမ် ရွှေ ရှက်သို တံခွန်တိုင်စေတီ' ပန္နက်ချမင်္ဂလာနဲ့ ကြုံကြိုက်နေလို့ပါပဲ။ နေရာအားဖြင့် နတ်တလှတောရရဲ့ အနောက်ဘက် တစ်မိုင်ကျော်လောက်မှာရှိတဲ့ 'မင်းကုန်းရွာ' မှာ ဖြစ်ပါတယ်။ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်ထဲက မင်းကုန်းရွာဟာ ဆရာတော်ဘုရားကြီးရဲ့ ဇာတိချက်ကြွေမွေးရပ်မြေပါ။ နှောင်းခေတ် သာသနာတော်ကြီးရဲ့ သမိုင်းမှာ သာသနာပြု အရိယာအရှင်မြတ်ကြီးတစ်ပါးကို မွေးဖွားသန့်စင်ပေးလိုက်ရာ 'အောင်မြေ' ပဲ ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးဟာ မွေးရပ်မြေကို နှစ်ပေါင်းများစွာ ခွဲခွာသွားခဲ့ပြီး မြန်မာပြည် အရပ်ရပ် တောတောင် အသီးသီးမှာ ကျင့်ကြံအားထုတ်တော်မူခဲ့ပါတယ်။ ၃၀–၃–၉၇ ကမှ သံလွင်အရှေ့ခြမ်း သုဝဏ္ဏသျှမ်တောင်ကနေ ဇာတိမြေဆီ ပြန်ကြွခဲ့ခြင်း ဖြစ်ပါတယ်။ လားဟူ လီရှောတိုင်းရင်းသားတွေ ခြံရံလို့၊ တပည့်သာဝကပေါင်းများစွာ လိုက်ပါလို့ အလွန် အင်မတန် ခမ်းနားစွာ ပြန်ကြွခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတုန်းကပင် ဆရာ

www.dhammaransi.com



တော်ဘုရားကြီး နောက်တော်ပါးက ကျွန်တော်လည်း လိုက်ပါခွင့် ရခဲ့လေရာ 'မင်းကုန်း' ကို ပထမဆုံးအကြိမ် ရောက်ဖူးခဲ့ခြင်းလို့ ဆိုရပါမယ်။

အဲဒီတုန်းက မင်းကုန်းရွာကလေးဟာ အိပ်ပျော်ရာမှ နိုးထလာသလို အခါမဲ့ ပွဲတော်ကြီးကို ရုတ်တရက်ကျင်းပလိုက်ရသလို လှုပ်လှုပ်သည်းသည်း ဖြစ်သွားခဲ့ပါတယ်။ မင်းကုန်းရွာကလေးဟာ ချက်ချင်းပဲ အသက်ဝင်သွားပြီး မောင်းထောင်းကြ၊ မုန့်လုပ်ကြနဲ့ ဧည့်သည်တွေကို ဖိတ်ကြား ကျွေးမွေးကြနဲ့ မြန်မာတို့ရဲ့ ကျေးလက်အလှကို ဖော်ပြခဲ့ပါတယ်။ လားဟူ လီဆူ တိုင်းရင်းသားများကလည်း ဖုန်တထောင်းထောင်း ထအောင် ရိုးရာဂီတ အက အလှ အဆိုအတီးတွေနဲ့ သူတို့ဆရာတော်ဘုရားကြီးရဲ့ ရွာကလေးကို ဂုဏ်ပြုခဲ့ကြပါတယ်။ အဲဒီတုန်းက ဆရာတော်ဘုရားကြီး မွေးဖွားကြီးပြင်း နေထိုင်ခဲ့ရာ ဝါးထရံအိမ်ကလေး ရှိနေဆဲ၊ အိမ်ကလေးထဲမှာ ဧည့်သည်တွေ အမြဲပြည့်နေတယ်။ ဆရာတော်ဘုရားကြီးရဲ့အစ်မအရင်း 'ဒေါ်ကြည်'၊ အစ်ကိုရင်း 'ဦးသန်း' တို့လည်း ချွေးတလုံးလုံး တပြုံးပြုံးနဲ့ ဧည့်ခံရတာ အမော။

လာသမျှဧည့်သည်တွေက ဆရာတော်ဘုရားကြီးရဲ့ငယ်ဘဝတွေကို မေးကြ၊ မြန်းကြ၊ စပ်စုကြနဲ့။ ခုနေခါမှာတော့ ဆရာတော်ဘုရားကြီးနဲ့ ပတ်သက်သမျှ အရာရာသည်ပင်လျှင် မြတ်နိုးစရာ ဖြစ်ခဲ့ပြီ မဟုတ်ပါလား။ လားဟူ လီဆူ တိုင်းရင်းသားတွေကဆိုလျှင် ဆရာတော်ဘုရားကြီးရဲ့ အိမ်ကလေးကို ဝိုင်းပတ်ကခုန် ဂုဏ်ပြုကြတယ်။

## သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



အိမ်ဦးတိုင်က မြေတွေတူးပြီး 'အောင်မြေ'အဖြစ် ဆောင်ယူသွားကြတဲ့ အထိပါလေ။ ခုတော့ အဲဒီအိမ်ကလေးကို ဖျက်ကာ နတ်တလူတောရမှာ ကျောင်းအဖြစ် လှူထားလိုက်ပါပြီ။ ဒီအိမ်မြေကွက်လပ်နေရာလေးမှာ 'ဥဿျမမ်ရွှေချက်သိုတံခွန်တိုင်စေတီ' တည်ထားမှာဖြစ်ပါတယ်။ ဥဿျမမ်ဆိုတာ ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့တော်ရင်း အရှင်ဥဿျမမ္ဗသာမိကို ရည်ညွှန်းပါတယ်။ ဆရာတော်ဘုရားကြီးက အရည ဝါသီ တောရပ်မှီ ရှင်ရဟန်းဖြစ်လေတော့ ဘွဲ့တော်ရဲ့ရှေ့မှာ ဝနဝါသီဆိုတဲ့ ဝိသေသနဲ့တွဲလျက် ဝနဝါသီဥဿျမမ္ဗသာမိထေရ်ရယ်လို့ ဖြစ်လာတာပါ။ စာပေသုံးအားဖြင့်တော့ မဟာဗောဓိမြိုင်ဆရာတော် အဖြစ် ကျော်ကြားပါတယ်။ မြန်မာပြည်ဒုရပ်ရပ် လှည့်လည်သီတင်းသုံးခဲ့တဲ့ တောရများကိုအစွဲပြုပြီးတော့လည်း သာစည်ရွှေကျောင်းကုန်းဆရာတော်၊ ပျဉ်းမနားလက်လုပ်တောင်ဆရာတော်၊ သုဝဏ္ဏသျှမ်တောင်ဆရာတော်၊ နတ်တလူဆရာတော် စသည်ဖြင့်လည်း အထူးထင်ရှားကျော်ကြားတော်မူပါတယ်။

ဆရာတော်ဘုရားကြီး မွေးဖွားခဲ့ရာ 'မင်းကုန်းရွာ'မှာ တည်ထားမယ့် 'ဥဿျမမ်ရွှေချက်သို'မှာ ဆရာတော်ဘုရားကြီးရဲ့ ဆံတော်နဲ့ တကွ သပိတ် သင်္ကန်း စတဲ့ ပရိက္ခရာများ၊ ဆရာတော်ပြုစုခဲ့တဲ့ ကျမ်းစာအုပ်များကို ဌာပနာထည့်သွင်းမှာဖြစ်ပြီး တံခွန်တိုင်ရဲ့ ထိပ်ဖျားမှာတော့ ဘုရား ရဟန္တာတို့ရဲ့ ဓာတ်တော်များကို ဌာပနာပူဇော်မှာဖြစ်ပါတယ်။ ရွှေချက်သိုရဲ့ ပင်မ ဒါယကာများကတော့ ရန်ကုန်မြို့မှ ဗေဒင်ဆရာ နန္ဒအောင်အဖွဲ့နှင့် ရန်ကုန် ပန်းဆိုးတန်းလမ်း မြတ်မွန်မိတ္တူမှ

www.dhammaransi.com



ကိုခေတ်ကို မိသားစုတို့ ဖြစ်ပါတယ်။ သူတို့က မ,တည်ပြီး အများပြည်သူတို့ရဲ့ စုပေါင်းအား အလှူငွေဖြင့် တည်ထားမှာဖြစ်ပါတယ်။

ဥယျာဉ်မြေ ရွှေချက်သိုပန္နက်ချပွဲမှာ လားဟူ လီရှော ရှမ်း တိုင်းရင်းသားများရဲ့ ရိုးရာဂီတ အက အလှတို့လည်း မပါမပြီး၊ မဖိတ်ခေါ် မကြေညာပါဘဲ ရောက်လာတဲ့ ပရိသတ်ကြီးကလည်း ကြက်ပျံမကျ၊ ဝေနေယျတို့ လိုက်ပါလျှောက်လှမ်းစေလိုသော ဓမ္မလမ်းစဉ်ကိုကား ဆရာတော်ဘုရားကြီးက ကျောက်စာရေးထိုး ညွှန်ပြထားခဲ့ပေပြီ။ အဲဒီ ကျောက်စာချပ်ကြီး လေးချပ်ကို နတ်တလှူတောရ ဂေါပက ရုံးထဲမှာ ယာယီ ထားရှိပြသထားပါတယ်။ ကျွန်တော် ဖတ်မှတ်ရေးကူးနေစဉ်မှာပဲ ဂေါပက အတွင်းရေးမှူး ဦးဝင်းဆွေက အသင့်ရိုက်နှိပ်ထားတဲ့ ကျောက်စာပါ မူရင်းဓမ္မစာသားများကို ပေးလာပါတော့တယ်။

'ဒီကျောက်စာလေးချပ်က ရွှေချက်သိုတံခွန်တိုင်မှာ လေးဖက်လေးတန် လေးမျက်နှာမှာ ကပ်ထားမှာပါ ဆရာ'

'အင်မတန် ကောင်းပါတယ်ဗျာ'

ဆရာတော်ဘုရားကြီးရဲ့ ဘဝအစနှင့် ဓမ္မလမ်းစဉ်တို့ကို ကျောက်စာများက ထင်ရှားစွာ ဖော်ပြနေပေသည်တကား။ လမ်းစ၏ လမ်းဆုံးသို့ သွားနည်းကိုပါ အနှစ်ချုပ် ဖော်ပြထားချေသည်တကား။ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒ ဓမ္မတို့ကို နာကြားခံယူလိုသူများအတွက် ဥယျာဉ်မြေ ရွှေချက်သိုမှ ကျောက်စာလေးချပ်ကို မူရင်းအတိုင်း ဖော်ပြပေးလိုက်ပါတယ်။

## သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



ဆရာတော်ဘုရားကြီးရဲ့ ဓမ္မစာပေ အမွေအနှစ်များ ကမ္ဘာတည် သရွေ့ တည်ပါစေသတည်း။

[၁၉၉၉ စက်တင်ဘာလ၊ ဂမ္ဘီရမဂ္ဂဇင်း]

www.dhammaransi.com

## ဥယျာဉ်မဲ့ ရွှေချက်သို

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဘဝချက်မြှုပ်

မြန်မာပြည်အရပ်ရပ်၌ အရညဝါသီ တောရပ်မိုလျက် နေလေ့ရှိသော ဝနဝါသီ ဥယျာဉ်မွှသာမိ အရှင်သူမြတ်သည်...

သာသနာတော် သက္ကရာဇ် ၂၄၈၅ နှစ်မြောက်

ကောဇာသက္ကရာဇ် ၁၃၀၃ ခုနှစ်၊ ဝါဆိုလပြည့် ညဥ့်သန်းခေါင်ကျော် အချိန်တွင်သည့် (၁) ရက်နေ့၏ အင်္ဂါနေ့သို့ အဝင်တွင်...

ခမည်းတော် - ဦးဘစံ

မယ်တော် - ဒေါ်မေ

ထို ခမည်းတော် မယ်တော် နှစ်ပါးတို့ကို အမှီပြု၍ ဤနေရာမှပင် စတင်ကာ လူ့ပြည်ခွင်သို့ ဝင်ရောက်တော်မူခဲ့ပါသည်။

ထိုဝင်ရောက်ခြင်းသည်ကား...

ဘုရားစကား နားဝယ်ထားလျက်က လည်းကောင်း၊ သံဃာ့စကား နားဝယ်ထားလျက်က လည်းကောင်း၊ ဆရာသမားစကား နားဝယ်ထား လျက်က လည်းကောင်း...

က။ ဘုရားအစထား အရိယာအစားစားတို့အား ကျေးဇူးဆပ်ရန်အတွက်တည်း။

ခ။ မိဘ အစထား လောကသားအပေါင်းတို့အား ကျေးဇူးဆပ်ရန်အတွက်တည်း။

ဂ။ မိမိကိုယ်တိုင်လည်း လူ့ဘဝရောက်တုန်း၊ သာသနာတော်ကြီး နှင့် ကြုံတုန်း လူ့တာဝန်၊ လူ့အခွင့်အရေး၊ လူ့အစားအစာများ မြိန်ရှက်စွာ ခံစားနိုင်ရန်အတွက်တည်း။ ။

www.dhammaransi.com

ဉာဏ်ကျဉ်းချာဖို့ မုဒ္ဒိတ်

# လူ့တာဝန်

လူ့ဘဝ၏ အရေးပါဆုံး တာဝန်သည်
လူ့အရှိ ရှိဖို့သည် ပထမ လက်ဦးတည်း၊
လူ့အသိ သိဖို့သည် အဓိက အထူးဟည်း။

## က။ လူ့အရှိ ရှိဖို့ဆိုသည်မှာ

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ (သတိ) ဟီရိ၊ ဩတ္တပ္ပ အမည်ရသော ယုံကြည်ချက်ထားခြင်း၊ ကိုယ်ကျင့် မှန်ကန်ခြင်း၊ အကြားအမြင်များခြင်း၊ ငါးစွဲ စွန့်လွှတ်ခြင်း၊ အရာရာ ခွဲခြားသိတတ်ခြင်း၊ အမှတ်သတိ မပြတ်ထားရှိခြင်း၊ မကောင်းမှုကြံ- ပြော-ပြုရမည်ကို ရှက်ကြောက်ခြင်းများပင်တည်း။

ထိုသူကောင်းပြု ဥစ္စာ ခုနစ်ဖြာတို့သည်...

လူ့ဘဝမှာသာ ပြုခွင့်၊ စုခွင့် သာစေတတ်သောကြောင့်တည်း။

## ခ။ လူ့အသိ သိဖို့ဆိုသည်မှာ

၁။ မကောင်းသည်ကို ထိုမကောင်းသောအတိုင်း သိခြင်း။

၂။ ထို မကောင်းတရား၏ မြစ်ဖျားခံရာကို သိခြင်း။

၃။ မကောင်းအစက် ထိုခံစားချက်တို့၏ ချုပ်ပျက်ပုံကို သိခြင်း။

၄။ မကောင်းအစက် ထိုခံစားချက် ချုပ်ပျက်ပုံ မြင်နိုင်သော ကြည့်နည်းကို သိခြင်းများပင်တည်း။

ထိုအမှန်တရား လေးချက်တို့ကို ထိုးထွင်းသိ သိရန်အတွက် အာရုံ ခံစားစဉ် ခဏ္ဍာတွင် သတိထား ဖြစ်ပျက်ကို မြင်သိခြင်းများသည်လည်း လူ့အသိဉာဏ်မှသာ သိပိုင်ခွင့် ရှိသောကြောင့်တည်း။ ။

www.dhammaransi.com

ဥယျာဉ်မှူး ရွှေချက်သို
နမော ဝိဘင်္ဂ ဝါဒိနော

# လူ့အခွင့်အရေး

နတ်တို့၏ ဘဝသည်...

သစ္စာကို သိနိုင်စွမ်းသော ဉာဏ်စွမ်းရှိ၏။ သို့သော် ကျင့်ရမည့် ဘူတရုပ်ကား မရှိချေ။

တိရစ္ဆာန်လောကရှိ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်တို့၏ ဘဝများသည် ကျင့်နိုင်စွမ်းသော ဘူတရုပ်ကား ရှိ၏။ သို့သော် သိနိုင်မည့် ဝိဇ္ဇာဉာဏ်ကား မပါလေ။

လူတို့၏ ဘဝသည်သာ...

ခန္ဓာကို ရင်း၍ ကျင့်နိုင်ခြင်း၊ ဘူတရုပ် တင်းလင်း ရှိ၏။

အရှိကို အရှိ သစ္စာသိ သိနိုင်ခြင်း ဝိဇ္ဇာဉာဏ်လည်း တင်းလင်းရှိ၏။

သို့ကြောင့် လူ့ဘဝ၏ လူ့အခွင့်အရေးဟူသည်...

မိမိ၏ ကိုယ်တွင်းမှနေ သစ္စာလေးချက်တို့ကို တစ်ပြိုင်နက် ထိုးထွင်းသိ သိရန်၊ ရှိရန်အတွက်...

ခန္ဓာကို ရင်း၍ ကျင့်ခင်းသာခြင်း – စရဏ

အကျင့်ကို ရင်း၍ သိခွင့်သာခြင်း – ဝိဇ္ဇာ

ထိုနှစ်ဖြာတို့ကို သေချာပေါက် ရနေခြင်းပင်တည်း။

အိုဘယ့်လူသား ဘုရားသားတော် သမီးတော်များတို့...

သင်တို့၏ လက်တွင်းဝယ် ထိုအခွင့်အရေးများ တင်းတင်းရှိနေကြ၏။

သို့စဉ်လျက်...

သင်တို့သည် ဘာ့ကြောင့် အရမယူချင်ကြသနည်း။

သင်တို့သည် ဘာ့ကြောင့် အထဲသိ မဖက်၊ အစွဲသိ သက်သက်ဖြင့် နေချင်ကြသနည်း။ ။

www.dhammaransi.com

ဒေါက်တာနန္ဒမာလာဘိဝံသ

နမော တဿ ဗုဒ္ဓ ဝိရုဠ္ဍ

# လူ့အစားအစာ

ကာမဂုဏ်ခံစားရာမှ ရလာသော အရသာသည်ကား...

အထက်၊ အောက်သား ပုထုဇဉ် အများအပြားပင် ရယူခံစားနိုင်ခြင်း ကြောင့် ဘုံစာဟူ၍ ဆိုရချေမည်။

ဓမ္မဂုဏ် အာရုံခံစားရာမှ ပေါ်ထွက်လာသော အရသာကား...

လူ့ဘဝရောက် လူသားလောက်သာ ခံစားခွင့် သာသောကြောင့် လူစာ သက်သက်ဟူ၍ပင် ဆိုရချေသည်။

ထိုသို့ အရသာနှစ်မျိုး တန်ခိုးပြကြရာတွင်...

က။ ကာမဂုဏ်အရာ ဘုံစာသည် သူတစ်ပါးနှင့်ဖက် အဖျက်ခံနေရ ခြင်းကြောင့် ကြိုးစားဆဲ၊ ခံစားဆဲ၊ ခံစားပြီးသည်အထိ ဒုက္ခမကင်း၊ ကြွေးမကင်း။

ခ။ ဓမ္မဂုဏ်အရာ လူစာသည်ကား မိမိတစ်ဦးထီးတည်း မတို့မထိ အကြည်သက်သက်မျှဖြစ်ခြင်းကြောင့်...

(၁) ကြိုးစားဆဲ၏ မရမီကာလ၌လည်း
ဒုက္ခကင်းရှင်း၊ ကြွေးကင်းရှင်း၏။

(၂) ရပြီး ခံစားဆဲကာလ၌လည်း
ဒုက္ခကင်းရှင်း၊ ကြွေးကင်းရှင်း၏။

(၃) ခံစားပြီးနောက် ကာလ၌လည်း
ပို၍ပင် ဒုက္ခကင်းရှင်း၊ ကြွေးကင်းရှင်း၏။

အို...ကာမဘုံဖွား လူအများတို့...

သင်တို့သည် ကြီးပွားရာ၊ ချမ်းသာရာကို ရယူလိုကြသည် ဆို၏။ တကယ်လျှင် ကြီးပွားလို၊ ချမ်းသာလိုကြပါ၏လော။ အကယ်တိတိ...

ကြီးပွားခြင်း၊ ချမ်းသာခြင်းကို လက်ငင်းလိုလားကြပါလျှင်...

လူ့ဘဝရောက်သခိုက်၊ လူစာကို လူလိုခံစားပြီးမှသာ ပြန်ကြပါလေ။

လူ့ဘဝ ရောက်သခိုက် ဘုံစာသာ စားပြီးပြန်က အပြန်လှမည် မဟုတ် တော့ချေ။ ။

www.dhammaransi.com

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့
# ရွှေချက်သို တံခွန်တိုင် ဌာပနာသွင်းပွဲ ဩဝါဒ
# တပ်တော်ဦးက အောင်လံတော်

## ရွှေချက်သိုတံခွန်တိုင်

ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ကျွန်တော့်စိတ်က ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်ထဲက မင်းကုန်းရွာကို ရောက်နေပါတယ်။ မင်းကုန်း ဆိုတဲ့ ရွာကလေးဟာ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ဖွားတော်မူရာ ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်ပါတယ်။ ဒီရွာကလေးရဲ့ မွေးကျေးဇူး၊ ဆွေတော်မျိုးတော်တို့ရဲ့ ကျေးဇူးကို ဆပ်အံ့သောငှာ ဒီရွာကလေးရဲ့ အရှေ့ဘက် တစ်မိုင်ခန့်အကွာ 'နတ်တလူတောရ' မှာ ဆရာတော်ဘုရားကြီး သီတင်းသုံး သာသနာပြုခဲ့တာလည်း သုံးနှစ် တင်းတင်း ပြည့်ခဲ့ပါပြီ။ နတ်တလူတောရမှာ သုံးနှစ်တာအတွင်း ဘုရား လည်း တည်ပေးခဲ့ပြီးပြီ၊ တရားစခန်းတွေလည်း မြိုင်မြိုင်ဆိုင်ဆိုင်

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



ကြီး ဖွင့်ပေးခဲ့ပြီးပြီ၊ ဓမ္မာရုံကြီးနှင့် ယောဂီဆောင်များ၊ ကျောင်းများ အပြင် ရေမီးအစုံတို့ဖြင့် ပြည့်ပြည့်စုံစုံ အမွေပေးတော်မူရစ်ခဲ့ပြီ။ ပစ္စယာ နုဂ္ဂဟ ဓမ္မာနုဂ္ဂဟတို့ဖြင့် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် သာ သနာတော်ကြီးအား လုပ်ကျွေးပြုစုတော်မူခဲ့ပေပြီ။

မင်းကုန်းရွာကလေးမှာလည်း ရွှေချက်သိုတံခွန်တိုင်ကြီး ထီးထီး မားမား ပေါ်ပေါက်ခဲ့ပေပြီ။ ယခု ကဆုန်လပြည့် (၂၉-၄-၉၉) မှာ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရေစက်ချပေးမှာဖြစ်ပါတယ်။ ရွှေချက်သိုတံခွန်တိုင် ပန္နက်တင် မင်္ဂလာအခမ်းအနားကိုတော့ ကျွန် တော်ကိုယ်တိုင် ရောက်ရှိပါဝင်နိုင်ခဲ့ပါတယ်။ နတ်တလူ တပေါင်းပွဲကို ရောက်လာတဲ့ လားဟူ လီရှော့ တိုင်းရင်းသားများနဲ့အတူ ၂၅-၂-၉၉ နံနက် ၈ နာရီမှာ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်။ ၂၄-၃-၉၉ မှာတော့ ဌာပနာသွင်း အောင်မြင်ခြင်းအထိမ်း အမှတ်အဖြစ် ဆရာတော်ဘုရားကြီးမှ အနုမောဒနာတရား ချီးမြှင့်ခဲ့ပါ တယ်။ သင်္ကြန်အပြီး ၁၈-၄-၉၉ မှာ ကျွန်တော်တို့ နတ်တလူတောရမှ တစ်ဆင့် မင်းကုန်းရွာရောက်ခဲ့ပြန်ပြီး အချောသတ်နေဆဲ ရွှေချက်သို တံခွန်တိုင်ကြီးကို ကြည့်ရှုကြည်ညိုကြပါတယ်။

တံခွန်တိုင်ကြီးရဲ့ အောက်ခြေမှာတော့ ဘဝချက်မြုပ်၊ လူ့တာဝန်၊ လူ့အခွင့်အရေး၊ လူ့အစားအစာဆိုတဲ့ ကျောက်စာချပ်ကြီး လေးချပ် ကို ထင်ထင်ရှားရှား ဖတ်မှတ်ရပါလိမ့်မယ်။ အဲဒီကျောက်စာ လေး ချပ်ရဲ့ ဓမ္မကြောင်းကို သီးခြားဆောင်းပါးတစ်ပုဒ် ရေးခဲ့ပြီးဖြစ်ပါတယ်။ အခုဖော်ပြချင်တာကတော့ ၂၄-၃-၉၉ ရွှေချက်သိုတံခွန်တိုင် ဌာပနာ

www.dhammaransi.com



ပိတ်ပွဲမှာ ဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့တဲ့ တရားတော်အဆုံးအမပဲ ဖြစ်ပါတယ်။

## တပ်တော်ဦးက အောင်လံတော်

အမေ့ရဲ့ဝမ်းကို အိမ်အဖြစ် နေခဲ့ရတဲ့ ပဋိသန္ဓေဘဝ ဆယ်လလုံးလုံးဟာ အစာအာဟာရအတွက် ကိုယ့်ပါးစပ်နဲ့ ကိုယ် မစားနိုင်ခဲ့သေးဘူး။ ဒီချက်ကြိုးကလေးကို အငှားပါးစပ်လုပ်ပြီး ဒီချက်ကြိုးကလေးနဲ့ သွယ်ပြီး အမေစားတဲ့ အစားအစာတွေကို တစ်ဆင့်ခံ ပြန်စားခဲ့ရတာ မွေးလာတော့ ဒီချက်ကြိုးကလေး ဖြတ်ပြီး အလကားမလွှင့်ပစ်စကောင်းဘူး။ သူနဲ့ အသက်ရှင်ခဲ့တာ။ ဒီတော့ သူ့သီးခြားမြှုပ်ရတယ်။ ဒီနေ့ ဒီနေရာမှာ တံခွန်တိုင် တည်တယ်ဆိုတာ ဘုရားသားတော် ဒီလိုကျင့် ဒီလိုဖြစ်တယ်ဆိုတာ ယုံကြည်မှုပေါ်လာအောင်လို့၊ တပ်ထွက်ရင် တပ်တော်ဦးမှာ အောင်လံ တံခွန် လွှင့်ထူစမြဲပဲ မဟုတ်လား။ ဘာလို့လဲ၊ တလူလူ လွှင့်နေတဲ့အလံကို မြင်လိုက်တာနဲ့ အောင်စိတ်ဆိုတဲ့ ယုံကြည်ချက် ဖြစ်ပေါ်လာတယ်။ ဗိုလ်ငါးပါးမှာ ယုံကြည်ချက်က အဓိကပဲ။ ယုံကြည်ချက်ပြင်းမှ ရဲတင်းတဲ့ ဝီရိယ ပေါ်လာမယ်။ ဝီရိယကောင်းမှ သတိမြဲမယ်။ သတိအားကြီးမှ စိတ်တည်ကြည်မှုဆိုတဲ့ သမာဓိရမယ်။ သမာဓိအားကောင်းမှ ပညာလည်း အားကောင်းမယ်။

ဘုရားဟော တရားတော်ဆိုတာ မြို့သားကျင့်မှ ရမှာလား။ တောသားရော ကျင့်လို့ မရဘူးလား။ မြန်မာ ကျင့်မှ ရမှာလား၊ တခြား လူမျိုးတွေရော ကျင့်လို့ မရဘူးလား။ ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓဘာသာအတွက်

www.dhammaransi.com



သာမဟုတ်ဘူးနော်။ အားလုံးအတွက် လူမျိုး နိုင်ငံ တောမြို့ မခွဲပါဘူး။ သဘာဝအရှိတရားကို ဖော်ထုတ်ပြခဲ့တာ သတ္တဝါအားလုံး အတွက်၊ လူသားသက်သက်အတွက်သာ အကျိုးပြုတာမဟုတ်ဘူး။ နတ်ရော၊ ဗြဟ္မာရော၊ တိရစ္ဆာန်ရော တရားသံကြားနဲ့ နွားနတ်သား၊ ဖားနတ်သား ဖြစ်သွားတဲ့ သာဓကတွေ ရှိနေပြီပဲ။

ဒီတော့ ဒီအယုတ်တရားတွေ ပယ်ချင်ရင် အမြတ်တရားနဲ့အစားထိုးရပါလိမ့်မယ်။ အမြတ်တရားနဲ့ အစားထိုးချင်ရင် ယုံကြည်ချက်ဆိုတဲ့ သဒ္ဓါ၊ ရဲတင်းမှုဆိုတဲ့ ဝီရိယစတဲ့ ဗိုလ်ငါးပါး မပါလို့ မရပါဘူး။ ဗိုလ်ဆိုတာ အင်အားသတ္တိကို ပြောတာ။ ဒီတံခွန်တိုင်သည် ယုံကြည်ချက် စွမ်းအားပဲ ဖြစ်တယ်။ ဒီလိုကျင့်ရင် ဒီလိုဖြစ်တယ်။ ယုံကြည်ချက်ပေါ်လာအောင် အလံထူပြထားတာ။ တပ်တော်ဦးက အောင်လံတော်လေပင့်အားကြောင့် တလူလူ လွင့်တက်နေသလို သဒ္ဓါ ဝီရိယဆိုတဲ့ ဗိုလ်ငါးပါး ပင့်အားကြောင့် တလူလူ ဖြစ်စေရမယ်။

## ကြွေးကင်းမှ အလံထူ

လူတွေက တလူလူမြင့်တက်ရမယ့်အစား တပူပူခံစားပြီး နိမ့်ကျနေတယ်။ ပူတာက ကိလေသာတွေက ပူနေတာ။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပူနေတာ။ ကြက်ကလေးတွေလောက်မှ အေးအေး နေကြရရဲ့လား။ တောကြက်၊ တောငှက်ကလေးတွေများဗျာ။ မိုးစာ၊ ဆောင်းစာလောက်ပဲ ရှိတာပါ။ နွေစာရယ်လို့ မရှိရှာပါဘူး။ နွေစာမရှိပေမယ့် ပူသလား၊ သူ့ကံသတ္တိ၊ သူ့အကျိုးပေးနဲ့ စားနေရတာပါပဲ။ လူ

www.dhammaransi.com



ကတော့ စားရလည်း ပြည့်စုံတယ် မရှိပါဘူး။ တစ်ရာ၊ တစ်ထောင်က နေ သိန်းသန်းချီ ရလည်း ပိုတယ်လို့ မကြားဖူးပါဘူး။ လိုနေတာချည်းပဲ။ လိုလေ လွဲလေပဲဗျာ။ လိုစိတ်လောဘကနေ ဒေါသတွေ၊ မာနတွေ၊ ဣဿာမစ္ဆရိယတွေ ပွားလာလိုက်တာ မဆုံးတော့ဘူး။ ညအိပ်ရင်တောင် လူကသာ နားတယ်၊ ကိလေသာက မနားဘူး။ နက်ဖြန်ကိစ္စတွေ အတွက် တွေးပူနေကြရတယ်။

သူခိုးဆိုတာ မှောင်ရိပ်ခိုစမြဲ။ မသိမောဟဆိုတဲ့ အဝိဇ္ဇာ မှောင်ရိပ်ကြီး ခိုပြီး လူတွေဟာ လောဘမှု၊ ဒေါသမှုတွေ ကျူးလွန်နေကြတာ။ ကိလေသာက သူခိုးအကြီးစားပဲ။ မှောင်ရိပ်ရှိနေသမျှ သူခိုးမွေးထားသလိုပဲ။ ဒီတော့ ဒီအမှောင်ထုကြီးကို သတိအသိနဲ့ ဖြိုခွင်းပြီး အလင်းဆောင်ကြရမယ်။ အဲဒီ သတိအသိကလေးသာလျှင် ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်ဥစ္စာကို မသုံးသမျှ ကြွေးတင်ပြီး ကြွေးပူမိမှာချည်းပဲ။ ဒီ အကြွေးက တစ်ဘဝလုံး တစ်သံသရာလုံး ဆပ်မကုန်တဲ့ အကြွေး။ အကြွေးဆိုတာ တေးထားတာ၊ မှတ်ထားတာ၊ ပေးရမှာ၊ ဆပ်ရမှာ။ သူ့ဘက် လိုက် ခံစားနေသမျှ သူ့ကြွေးတင်နေမှာပဲ။ ဝက်သားစားပြီး ဝက်စွဲ စွဲတော့ ဝက်ကြွေးတင်၊ ဝက်ဘဝနဲ့ ဝက်ကြွေးဆပ်ရလိမ့်မယ်နော်။ ဒီတော့ အာရုံခံစားမှုနောက်က ကပ်ပါလာတဲ့ ကိလေသာတွေကို သတိအသိနဲ့ ခုခံပေးပါ။ သတိနဲ့ခံစားပါမှ အမွေရပစ္စည်း ထိုင်စားသလို ဖြစ်မှာ။ သုံးပြီး စွဲနေသမျှ အကြွေးယူစားနေတာနဲ့ အတူတူပဲ။ ရေထဲမှာ သွားတဲ့အခါ ခြေရာဖျက်ပြီး သွားသလို အစွဲတွေဖျက်ပြီး သုံးပါ။ သွားပါ။ ဒါမှ ကြွေးကင်းပါလိမ့်မယ်။ ကြွေးကင်းတဲ့ ဘဝတွေသာလျှင် လူ

www.dhammaransi.com



မှ လူသို့၊ နတ်မှ နတ်သို့၊ လူမှ ဗြဟ္မာသို့၊ ပြီးတော့ အရိယာဆိုတဲ့ တလူလူ မြင့်တက်တဲ့ ဘဝတွေကို ရနိုင်ပါလိမ့်မယ်။

ဒီလိုယုံကြည်ချက်ရှိအောင် တံခွန်တိုင် စိုက်ပေးထားတာ။ အလံထူပေးထားတာ။

## မလိုချင်မှ ရတာ

ရပ်ထဲရွာထဲမှာ လောဘနဲ့ချည်း စီးပွားရှာနေကြတယ်။ လောဘကြီးတိုင်း စီးပွားဖြစ်သလား။ သားမယား ရချိန်က စပြီး စီးပွားရှာလာကြတာ ရှာတိုင်း ရသလား။ လူ့ဘဝ ရလာတာ ကုသိုလ်ကံကြောင့်လား၊ အကုသိုလ်ကံကြောင့်လား။

'ကုသိုလ်ကံကြောင့်ပါ ဘုရား'

ဒါဖြင့်…ကံ ယုံတဲ့ သဒ္ဓါ ရှိပြီးသား၊ ဝီရိယနဲ့ အသိလည်း ရှိပြီးသားပဲ။ စီးပွားရှာတဲ့ နေရာမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မကောင်းတာတွေနဲ့ ဘာလို့ ရှာနေတာလဲ။ ကုသိုလ်ကံကြောင့် ရလာတဲ့ လူ့ဘဝမှာ စီးပွားဖြစ်ချင်ရင် ကောင်းကံနဲ့ မျှားယူပါ။ လောဘ၊ ဒေါသ ဆိုတဲ့ အယုတ်တရားတွေအစား ကံဉာဏ်ဝီရိယနဲ့ ရှာရင် အတိတ်ကံ ပြန်ပေါ်လာမယ်။ သံသရာဘဝတစ်လျှောက်မှာ ကံဉာဏ်ဝီရိယ ရိက္ခာတွေ စုခဲ့ပြီးပြီ။ ရှေ့က ရှိပြီးသား။ အမှိုက်ဖုံးနေလို့၊ ဘာအမှိုက်တွေလဲ။

'လောဘ၊ ဒေါသ၊ မောဟတွေပါဘုရား'

ဝမ်းက သွားချင်ပါရဲ့၊ စမြင်းလုံးကြီး ခံနေလို့ ဆိုတာလို လောဘတွေ၊ ဒေါသတွေ ဒီစမြင်းလုံးတွေကို သတိအသိဆိုတဲ့ ဝမ်းနုတ်ဆေးနဲ့

www.dhammaransi.com



ချေဖျက်ကြပါ။ လောကီစီးပွားပဲဖြစ်ဖြစ်၊ လောကုတ္တရာစီးပွားပဲဖြစ်ဖြစ် လိုချင်တိုင်း မရပါဘူး။ မလိုချင်မှ ရတာပါ။ ဘာမှ မလိုချင်တော့တဲ့ နေ့ဟာ လိုချင်တာတွေ အကုန်ရမယ့်နေ့လို့ မှတ်ခဲ့ကြပါ။ တို့ တစ်နယ်လုံး တစ်ပြည်လုံးက အားကိုးခဲ့ရတဲ့ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးက သက်သေပြသွားပါပြီ။ မလိုချင်လို့ ရခဲ့တာတွေလေ။ တန်ဖိုးဖြတ်နိုင်ရဲ့လား။

'တန်ဖိုးမဖြတ်နိုင်ပါဘူး ဘုရား'

အေး...ဒီယုံကြည်ချက် ဖြစ်ပေါ်လာအောင် တံခွန်တိုင် စိုက်ပေးခဲ့တာ၊ အလံထူပြခဲ့တာ။

[၁၈-၅-၉၉၊ ရွှေပြည်တန်ဂျာနယ်]

www.dhammaransi.com

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့
# ဘုရားအနေကဇာတင်ရခြင်း အကြောင်းရင်း
# ရှင်းလင်းချက်

တို့ဒကာ ဒကာမတွေ အနေကဇာတင်ပွဲရဲ့ လုပ်ထုံးလုပ်နည်းကို သဘောပေါက်အောင် ပထမဆုံး နာကြားကြပါ။ အနေကဇာတင်ပွဲဆိုတာ ဘုရားကို အသက်သွင်းတာမဟုတ်ပါဘူး။ အနေကဇာတင်ပွဲရဲ့ ထုံးစံလေးတစ်ခု၊ ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ဖြစ်လာခဲ့တာလေးကို အရင် အာရုံပြုကြပါ။ သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက် ၄ နာရီအချိန်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့တယ်။ ဘုရားဖြစ်တော်မူပြီးတော့ ၄၅ ဝါကာလပတ်လုံး လောကအားလုံးမှာ ရှိတဲ့ ချွတ်ထိုက်တဲ့ ပုဂ္ဂိုလ်များကို ချွတ်၍ အားလုံးသော ပုဂ္ဂိုလ်တို့ ကျွတ်ပြီးတဲ့အချိန်ကျတော့ ပရိနိဗ္ဗာန်စံဝင်တော်မူတယ်။ ပရိနိဗ္ဗာန်စံတဲ့အချိန်က သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ ဖြစ်ပါတယ်။ ဒီလို ပရိနိဗ္ဗာန်စံဝင်ပြီး တစ်လပြည့်တဲ့နေ့ နယုန်လပြည့်နေ့မှာ ဘုရားရှင်

www.dhammaransi.com



ရဲ့ ဖွားဖက်တော်လည်း ဖြစ်၊ ဘုရားရှင်ရဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူရာလည်း ဖြစ်တဲ့ ဗောဓိပင်ကြီးရဲ့ တောင်ကိုင်းဟာ လေမတိုက် မိုးမခဘဲ အလိုအလျောက် ကျိုးကျသွားခဲ့ပါတယ်။

ဗောဓိပင် ဖွားဖက်တော်ကြီး ကျိုးကျသွားတဲ့အချိန်က သာသနာမှာ အကြီးဆုံးအရှင်မြတ်ကြီးဟာ အရှင်မဟာကဿပ ကိုယ်တော်ကြီး ဖြစ်ပါတယ်။ ဗောဓိညောင်ကိုင်းတော် ကျိုးကျတာနဲ့ ပတ်သက်ပြီး အရှင်မဟာ ကဿပ ကိုယ်တော်ကြီးဆီမှာ လာပြီး လျှောက်ထားကြတယ်။ ဘုရားတပည့်တော်တို့ ဘာများ လုပ်ကြရပါမတုံး...တဲ့။ ဒီတော့ အရှင်မဟာ ကဿပ ကိုယ်တော်မြတ်ကြီးက... ဗောဓိပင်ဆိုတာ ဘုရားရှင်ရဲ့ ဖွားဖက်တော်လည်း ဖြစ်၊ သဗ္ဗညုတ ရွှေဉာဏ်တော် ရရာဌာနလည်း ဖြစ်လို့ ဘုရားရှင်နဲ့အတူတူပဲတဲ့။ ဒါကြောင့် အဲဒီ ကျိုးကျသွားတဲ့ ညောင်ကိုင်းကို ဘုရားကဲ့သို့ (ဘုရားဆင်းတုတော်) ထုလုပ်ပြီးတော့ ကိုးကွယ်ကြရမယ်လို့ အဖြေပေး အမိန့်ချလိုက်တယ်။

ဒီတော့ တိုတိုပြောကြပါစို့ရဲ့။

ဘုရားရုပ်ပွားတော်များ ထုပြီးတဲ့အချိန်ကျတော့ ဒကာတွေကနေ အရှင်မဟာ ကဿပကိုယ်တော်ကြီး သွားလျှောက်တယ်။

'အရှင်ဘုရား...ဘုရားတော့ ထုပြီးပါပြီ၊ တပည့်တော်တို့ ဘယ်လိုများ ကိုးကွယ်ရပါ့မလဲ' ဒီတော့ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက...

'ဘုရားပွင့်တုန်းက ဘုရားဖြစ်ပွင့်တဲ့အချိန်က တဏှာကို အောင်တဲ့အတွက်၊ အဝိဇ္ဇာကို အောင်တော်မူတဲ့အတွက် **အနေကဇာတိ**

www.dhammaransi.com



**သံသာရံ** အစချီတဲ့ ဥဒါန်းကို ကျူးတော်မူတယ်။ ဒီတော့ တို့လည်းပဲ အဲဒီလို ဥဒါန်းကျူးပြီးတော့ ဘုရားအဖြစ် ပူဇော်အထူး ပြုကြစို့ရဲ့'လို့ အဖြေပေး မိန့်ကြားတော်မူခဲ့ပြန်ပါတယ်။ **အဲဒီကစပြီး အနေကဇာ တင်ပွဲ ဖြစ်လာခဲ့တာပါ။**

အနေကဇာတင်ပွဲမှာ ဘာတွေလုပ်ရသလဲဆိုတော့...

တို့အဘဘုရားရှင်ဟာ သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက် ၄ နာရီမှာ ဘုရားဖြစ်ပွင့်ပြီဆိုတော့ ဝေနေယျတွေကိုလည်းပဲ ငါကဲ့သို့ ပြီးအောင် မြောက်အောင် ဆောင်နိုင်အောင်ဆိုပြီး သတ္တဋ္ဌာန စံတော်မူကာ အခိဋ္ဌာန်ဝင်တော်မူပါတယ်။ ဒါကိုပဲ သတ္တဋ္ဌာနစံတော် မူခန်း လို့ ဆိုပါတယ်။ အဲဒီသတ္တဋ္ဌာန စံတော်မူခန်းက ကဆုန်လပြည့် နေ့က စရင် ဝါဆိုလဆန်း ၅ ရက်နေ့လောက်ကျမှ ပြီးပါလိမ့်မယ်။ တစ် ဋ္ဌာနကို ခုနစ်ရက်စီနဲ့ မြောက်ကြည့်ပါ။ အဲဒီခုနစ်ဌာနမှာ ဗောဓိပင် မှာ လပြည့်ကျော်တစ်ရက်နေ့ နံနက် အာသဝက္ခယဉာဏ်တော် ရတဲ့ အချိန် ဥဒါန်းကျူးတဲ့ **အနေကဇာတိ သံသာရံ၊** အဲဒီ ပထမပလ္လင် သတ္တာဟမှာပဲ နောက်ဆုံးရက်ဖြစ်တဲ့အချိန်မှာ **ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ၊** တစ်ခါ **အနုလောမ ပဋိလောမ** ဒါတွေကို ဆင်ခြင်သုံးသပ် ပြီး ဥဒါန်းကျူးဘော်မူခဲ့ပါတယ်။

ဒါ ပထမ ပလ္လင် သတ္တာဟမှာ ဘုရားရှင်ရဲ့ ဆောင်ရွက်ချက်၊ အဲဒီပြီးတော့ ဒုတိယအကြိမ်အဖြစ်နဲ့ကတော့ ရတနာဃရ ရွှေအိမ် ဆိုတာ စတုတ္ထသတ္တာဟမှာ ရှိပါတယ်။ အဲဒီအချိန်မှာ အဘိဓမ္မာ ခုနစ် ကျမ်းကို ဆင်ခြင်တော်မူတယ်။ ဒီလို ဆင်ခြင်ရင်း ပဋ္ဌာန်းကျမ်း

www.dhammaransi.com



ရောက်ချိန်မှာ ဘုရားရှင်ရဲ့ဉာဏ်တော်ဟာ ကွန့်မြူးချင်တိုင်း ကွန့်မြူးလို့ ရတဲ့အတွက် ရောင်ခြည်တော်များတောင် ပေါ်ထွက်လာတာကို အကြောင်းပြုပြီးတော့ **ပဋ္ဌာန်းပါဠိတော်** ကို ရွတ်ရပါတယ်။

ဒါပြီးတော့ နောက်ဆုံး သတ္တာဟလို့ ခေါ်တဲ့ နယုန်လပြည့်ကျော် ၁၃ ရက်နေ့လောက်က စပြီး ဝါဆိုလဆန်း ၅ ရက်၊ သို့မဟုတ် ၆ ရက်နေ့လောက်အထိ အဲဒီအချိန်မှာ လင်းလွန်းဗောဓိပင်မှာ ဘုရားရှင်ဟာ ဝေနေယျအားလုံးတို့အပေါ် မေတ္တာပွား၊ ကရုဏာပွား၊ မုဒိတာပွား၊ ဥပေက္ခာပွား ဗြဟ္မာ့ဝိဟာရနဲ့ နေတဲ့အချိန် ဖြစ်တယ်။ အဲဒီ**မေတ္တာပွားမှု**ကိုလည်း အနေကဇာတင် အဖြစ်နဲ့ ခံယူပါတယ်။

အဲဒီ သတ္တမ သတ္တာဟ လင်းလွန်းဗောဓိပင်မှာ ဗြဟ္မာ့ဝိဟာရ လေးပါးနဲ့နေတဲ့အချိန်မှာပဲ တို့မြန်မာပြည်ကနေပြီး အိန္ဒိယပြည်ကို ကုန်ရောင်းကုန်ဝယ်နဲ့ သွားတဲ့ တဖုဿတို့၊ ဘလ္လိကတို့ ညီနောင်ဟာ ဘုရားရှင့်ထံတော်မှောက် ရောက်၊ ပျားမုန့်ဆန်းကို လှူပြီးတဲ့အခါကျတော့ သရဏဂုံ ခံယူဆောက်တည်ပါတယ်ဗျာ။ ဒီအချိန်မှာ ဘုရားရယ်၊ တရားရယ် ရတနာနှစ်ပါးပဲ ရှိပါသေးတယ်။ သံဃာဆိုသည်ကတော့ ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့ကျမှ ပေါ်မှာဖြစ်တဲ့အတွက် တဖုဿနဲ့ ဘလ္လိကတို့ကို ဒွေ ဝါစိက သရဏဂုံ ချီးမြှင့်တော်မူပါတယ်။ တဖုဿနဲ့ ဘလ္လိကတို့ဟာ လူသားထဲက ပထမဆုံး ဒွေ ဝါစိက သရဏဂုံတည်သူများပါပဲ။ အဲဒါကို အကြောင်းပြု၍ **ဘုရားဂုဏ်တော်နဲ့ တရားဂုဏ်တော်** ကို ဥဒါန်းကျူးသောအားဖြင့်၊ ရွတ်ဖတ်ပူဇော်သောအားဖြင့် အနေကဇာတင်မှု ပြုရပါတယ်။

## သုဝဏ္ဏသျှမ်စာဝဉ်

www.dhammaransi.com



ဒါကြောင့် အနေကဇာတင်ရာမှာ သတ္တဌာန ခုနစ်ဌာနမှာ လုပ်ဆောင်ချက်အားလုံး အပြီးအစီး အပြည့်အစုံ ပါဝင်သွားတယ်။ ဒီလိုပြီးပြည့်စုံပြီ ဆိုတော့မှ ရှေးဘုရားရှင်တို့ အထွတ်အထိပ်ကို ရောက်သကဲ့သို့ ဂေါတမဘုရားရှင်လည်း အထွတ်အထိပ်သို့ ရောက်တော်မူပုံ အာရုံပြု၍ **ဃေနွှော ဗောဓိ ယာမူလေ** နဲ့ သိမ်းပါတယ်။ အနေကဇာတင်ရာမှာ ဘာတွေ ဘယ်လိုပါဝင်စီစဉ်ရတယ်ဆိုတာ အဲဒီလို သိမှတ်ရပါတယ်။

ဒီတော့ တို့ဒကာ ဒကာမတွေ သံဃာတော်အရှင်မြတ်များက 'အနေကဇာတိ သံသာရံ...' အစချီပြီး ဘုရားအနေကဇာတင်တဲ့အခါ ဆိုလိုရင်း အဓိပ္ပာယ်ကိုပါ နားလည်ကြည်ညိုနှလုံးသွင်း ဆင်ခြင်နိုင်ကြပါစေ၊ ပြီးတော့ ဘုရားရှင့်ကိုယ်စား ဥဒါန်းကျူး ပူဇော်ထားတဲ့ ဒီရွှေချက်သိုတံခွန်တိုင်ဘုရားကိုလည်း သံဃာတော်တွေအနေကဇာတင်သောအားဖြင့် ဘုရားအဖြစ်သို့ ရောက်ပြီလို့လည်း မှတ်ယူကြည်ညိုစေလိုပါတယ်။

ဒီတော့ 'အနေကဇာတိ သံသာရံ' ကစပြီး ကြည်ညိုကြရအောင်။

အနေကဇာတိ သံသာရံဆိုတာ ဘာပြောထားတာတုံး၊ ဘုရားရှင်က ဝမ်းသာလွန်းလို့ ကျူးရင့်လိုက်တဲ့ ဥဒါန်းတော်လို့ ဆိုပါသဗျာ။ ဘာကို ကျူးထားသလဲဆိုတော့ လူ့ဘဝတွေ၊ နတ်ဘဝတွေ၊ ဗြဟ္မာဘဝတွေ၊ အပါယ်လေးဘုံဘဝတွေ အစရှိတဲ့ ဘဝများစွာကို ခန္ဓာအိမ် အဖြစ်နဲ့ တည်ဆောက်ထားခဲ့တဲ့ တဏှာယောက်ျား ကို မာန်လည်း မာန်၊ ဝေါက်လည်း ဝေါက်ပြီးတော့ နိုပ်ကွပ်သောအားဖြင့် ဥဒါန်းကျူးတဲ့

www.dhammaransi.com

ဂါထာ၊ တဏှာယောက်ျား ဟဲ့ လက်သမား ဆိုတာ တဏှာကို ပထမ ဦးဆုံး လှမ်းပြီးတော့ စိန်ခေါ်လိုက်တဲ့စကား...။

သင့်လက်ချက်ကို ငါ မသိသဖြင့် ဘဝများစွာ သံသရာများစွာ ကာလပတ်လုံး ဒုက္ခများစွာ၊ ဇာတိ အစရှိသော ဒုက္ခတွေကို အဖန်ဖန် အထပ်ထပ် ခံစားပြီးတော့ သံသရာကို ငါကျင်လည်ခဲ့ရတယ်တဲ့။

တဏှာယောက်ျား၊ ဟဲ့ လက်သမား...

အခုချိန်တော့ဖြင့် ငါ သင့်ကို လက်မိလက်ရ မိနေပြီ။ သင် ဆောက်ခဲ့တဲ့ ဘဝဆိုတဲ့ အိမ်တွေကိုလည်း ငါမြင်နေပြီ။ ဒါကြောင့်မို့ ခုချိန်က စပြီး ငါ သင့်ကို ချိုးဖျက်လိုက်ပြီတဲ့။ ပြီးတော့ အလုံးစုံကုန် သော သင့်ရဲ့ အသင်းအပင်း အခြင်၊ ဒိုင်း မြား နဲ့တူတဲ့ ကိလေသာ အား လုံးတို့ကိုလည်း ချိုးဖဲ့ပြီးပြီတဲ့။ ဒါတွင်မကသေးဘူးတဲ့၊ သင့်အိမ်မှာ အထွတ်ကဲ့သို့ တပ်ထားသော 'အဝိဇ္ဇာ' တည်းဟူသော ကိလေသာကို လည်း ငါ ချိုးဖဲ့ဖျက်ဆီးပြီးပြီတဲ့။ ဒါတွင်မကသေး၊ တဏှာတို့ရဲ့ ကုန် ခန်းရာ၊ ပြုပြင်မှုကင်းရာ နိဗ္ဗာန်သို့လည်း အာရုံပြုသောအားဖြင့် ရောက် ပြီတဲ့။

ဒါဟာ အနေကဇာတိ သံသာရံ...အစရှိတဲ့ ဂါထာဥဒါန်းတော် ရဲ့ အဓိပ္ပာယ်ပါပဲ။ အဲဒီတော့ သံဃာတော်အရှင်ကောင်း အရှင်မြတ် တို့ဘုရား...အခုအချိန်မှာဆိုရင် သက္ကရာဇ် ၁၀၃ ခုနှစ်တုန်းက အာ သဝက္ခယ ဉာဏ်တော်နှင့်တကွ သဗ္ဗညုတဉာဏ်တော်၊ အနာဝရဏ ဉာဏ်တော်ကို ရတော်မူသောအချိန် ဖြစ်ပါတယ်ဘုရား။ အဲဒီအချိန် နဲ့ ချိန်ကိုက်အားဖြင့် အရှင်ဘုရားတို့ရဲ့ ဦးထိပ်၌ ရောက်နေသော ရွှေ

www.dhammaransi.com



ချက်သို စေတီတော်ဘုရားကိုလည်းပဲ ဘုရားရှင်ရဲ့ကိုယ်စား အရှင်ဘုရားတို့က 'အနေကဇာတိ သံသာရံ' အစရှိတဲ့ ဥဒါန်းဂါထာတော်ကို သုံးကြိမ်သုံးခါ ရွတ်ဖွားပူဇော်ပြီး ဥဒါန်းကျူးကြပါစို့ဘုရား။

အနေက ဇာတိ သံသာရံ
သန္ဓာဝိဿံ အနိဗ္ဗိသံ
ဂဟကာရ ဂဝေသန္တော
ဒုက္ခာဇာတိ ပုနပ္ပုနံ။
ဂဟကာရကာ ဒိဋ္ဌောသိ
ပုနဂေဟံ နကာဟသိ
သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ
ဂဟ ကူဋံ ဝိသင်္ခတံ
ဝိသင်္ခါရ ဂတံ စိတ္တံ
တဏှာနံ ခယ မဇ္ဈဂါ။

(သုံးကြိမ်ပူဇော်သည်)

ဒီဥဒါန်းကျူးပြီး ပထမ သတ္တာဟဖြစ်တဲ့ ဗောဓိပင်အောက်မှာ ဘုရားရှင် ခုနစ်ရက်လုံးလုံး သီတင်းသုံးပါတယ်။ အဲဒီ အပရာဇိတ ပလ္လင်ပေါ် သီတင်းသုံးရင်းနဲ့ အဝိဇ္ဇာ တဏှာကို အောင်တော်မူလို့ ငါ တော့ဖြင့် ဘုရားအဖြစ် ပွင့်ခဲ့ပေပြီ၊ ဒီအဝိဇ္ဇာတဏှာဟာ သတ္တဝါတွေကို ဘယ်လိုလှည့်ပတ်နေသလဲဆိုတာ ဆက်ပြီး ဆင်ခြင်တော်မူပါတယ်။

## သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



အဲဒီမှာ သင်္ခါရအားလုံးတို့ကို အဝိဇ္ဇာက စပြီး ခြယ်လှယ်တယ် ဆိုတာ သွားတွေ့တယ်။ ဒါကြောင့် သင်္ခါရအစ အဝိဇ္ဇာကလို့လည်း ဆိုရပါတယ်။ ဒီအဝိဇ္ဇာကို အကြောင်းခံအဖြစ်နဲ့ စဉ်းစားတော့...

မသိမှုနဲ့ သင်္ခါရကို ပြုလုပ်တယ်၊ တချို့ကျတော့လည်း ပုညာဘိသင်္ခါရဆိုတဲ့ ကောင်းမှုတွေ မသိမှုနဲ့ တွဲလုပ်၊ တချို့ကျတော့လည်း ကောင်းတယ်ထင်ပြီး 'အပုညာဘိသင်္ခါရ'တွေကို မသိမှုနဲ့ တွဲလုပ်၊ တချို့ကျတော့လည်း မလှုပ်မရှက်တဲ့ အရူပဈာန်စိတ်နဲ့တူတဲ့ ကုသိုလ်ကောင်းမှုတွေကို အဝိဇ္ဇာနဲ့ တွဲလုပ်တတ်ကြတယ်။ ဟုတ်ပြီ၊ အဲဒီ သင်္ခါရ တွေ ပြုလုပ်တော့ ဘာဖြစ်သလဲ။ ဝိညာဏ် ဆိုတာ ပေါ်လာတယ်။ ဝိညာဏ်ပေါ်တော့ ဘာဖြစ်သလဲ။ နာမ်ရုပ်... အဲဒီကနေ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုပြီး ပေါ်လာတယ်။ အဲဒီ ဝေဒနာပေါ်လာတော့ ဘာဖြစ်သလဲ။ ခံစားရင်းနဲ့ တဏှာတွေ ပြန်ဖြစ်၊ တဏှာဖြစ်တော့ စွဲလမ်းမှု ဥပါဒါန်၊ ဥပါဒါန်ဖြစ်တော့ အဲဒီစွဲလမ်းမှုအတိုင်း ဘဝ တွေ ရပြီ။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အစရှိတဲ့ ဟာတွေ တစ်သီတစ်တန်းကြီးဖြစ်ပုံကို ပဋိစ္စသမုပ္ပါဒ် လို့ ခေါ်တဲ့ စက်ရဟတ်လည်ပုံကို ဘုရားရှင် ဆင်ခြင်တော်မူပါတယ်။ အဲဒီလို ဆင်ခြင်တော်မူပြီးတာနဲ့ အမှန်ကိုအမှန်အတိုင်း ထိုးထွင်းသိမြင်တော်မူတဲ့ ဉာဏ်ပညာ ရှိတဲ့အတွက် အဲဒီအချိန်မှာ ဥဒါန်းကျူးတော်မူပြန်ပါတယ်။ အဲဒီဥဒါန်းကျတော့...

www.dhammaransi.com



ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

အဓိပ္ပာယ်ကတော့...

အကြင်အခါမှာ ကြောင့်ကြစိုက်တဲ့ အာတာပိ ဝီရိယယှဉ်လျက်က ဈာန်ဝင်စားလျက်က မကောင်းမှုမှအပ ပြုပြီးသော သူအား ဒီပဋိစ္စသမုပ္ပါဒ်ရဲ့ အကြောင်းအကျိုးဆက်တရားတွေကို ဉာဏ်ဝမှာထင်ရှား ဖြစ်ပေါ်လာတယ်တဲ့။ အဲဒီထင်ရှားဖြစ်ပေါ်လာတဲ့အခါ မကောင်းမှုမှ အပ ပြုပြီးတဲ့ ပုဂ္ဂိုလ်အား အလုံးစုံသော ကုသိုလ်ကမ္မပဒတရား၊ အကုသိုလ် ကမ္မပဒ တရားတို့ကို ဝပယန္တိ ဆိုတာ မှုတ်လွှင့်ပစ်လိုက်၏တဲ့။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်သည် အကြောင်းနှင့်တကွဖြစ်သော အကျိုးဆက်တို့၏ အခြင်းအရာအားလုံးကို သိပြီတဲ့။ အဲဒီလို ဥဒါန်းကျူးပါတယ်။

သံဃာတော် အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား...

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ် အနုလောမနည်းကို ပထမဆုံး ဆင်ခြင်၊ ဆင်ခြင်ပြီးတဲ့ကာလ အဲဒီ ပဋိစ္စသမုပ္ပါဒ်ရဲ့ အခြင်းအရာကို သေသေချာချာ ဂဃနဏ သိတော်မူတဲ့အတိုင်း 'ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ' ကို ဥဒါန်းကျူးတော်မူပါတယ်ဘုရား။ အဲဒီလို ဘုရားရှင် ဥဒါန်းကျူးတဲ့အတိုင်း အခုလည်းပဲ အရှင်ဘုရားတို့သည် အရှင်ဘုရား

www.dhammaransi.com



တို့၏ ဦးထိပ်ထက်၌ တည်ထားလျက်ရှိသော ရွှေချက်သိုစေတီတော်ကြီးအား ဘုရားရှင်ရဲ့ကိုယ်စား ပဋိစ္စသမုပ္ပါဒ်အနုလုံကို ရွတ်ပွားပူဇော်ကြပါစို့ဘုရား။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ
သင်္ခါရ ပစ္စယာ ဝိညာဏံ
ဝိညာဏ ပစ္စယာ နာမရူပံ
နာမ ရူပ ပစ္စယာ သဠာယတနံ
သဠာယတန ပစ္စယာ ဖဿော
ဖဿ ပစ္စယာ ဝေဒနာ
ဝေဒနာ ပစ္စယာ တဏှာ
တဏှာ ပစ္စယာ ဥပါဒါနံ
ဥပါဒါန ပစ္စယာ ဘဝေါ
ဘဝ ပစ္စယာ ဇာတိ
ဇာတိ ပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာ သမ္ဘဝန္တိ
ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
သမုဒယော ဟောတိ။

ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယတော ဗြာဟ္မဏဿ
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



အဲဒီ ပထမသတ္တာဟမှာပါပဲ၊ ဘုရားရှင် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်၊ ဆင်ခြင်သဖြင့် ပဋိစ္စသမုပ္ပါဒ်ရဲ့ ကွင်းဆက်တွေကို အားလုံးသိသဖြင့် ဥဒါန်းကျူးပါတယ်။ အဲဒီဥဒါန်း ကျူးပြီးတဲ့ နောက်ပိုင်းကျတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ မှန်ပြီ၊ ချုပ်ချင်ရင် ဘာလုပ်ရမလဲ ဆိုတော့ ဒုတိယအကြိမ် ဆင်ခြင်တော်မူပါတယ်။ ဒီမှာ ဘာသွားတွေ့သလဲဆိုတော့ အဝိဇ္ဇာချုပ်ခဲ့ရင် သင်္ခါရလည်း ချုပ်ပြီ၊ သင်္ခါရ ချုပ်ရင် ဝိညာဏ်ချုပ်ပြီ၊ ဝိညာဏ်ချုပ်ရင် နာမ်ရုပ်ချုပ်ပြီး သဠာယတန၊ ဖဿ၊ ဝေဒနာ ချုပ်မယ်။ ဝေဒနာချုပ်လို့ ခံစားမှုမရှိရင် တဏှာလည်း ချုပ်ပြီ။ တဏှာမရှိတော့ရင် စွဲလမ်းမှုဆိုတဲ့ ဥပါဒါန် မရှိတော့ဘူး။ အဲဒီ ဥပါဒါန်မရှိတော့ရင် ဘဝလည်း မရတော့ဘူး။ ဘဝမရလို့ရှိရင် ပဋိသန္ဓေနေရခြင်း ဇာတိ၊ အိုရခြင်း ဇရာ၊ သေရခြင်း မရဏနှင့်တကွ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အစရှိတဲ့ မီးတွေလည်း အားလုံး ငြိမ်းပြီလို့ ပဋိစ္စသမုပ္ပါဒ်ရဲ့ ပဋိလောမလို့ ခေါ်တဲ့ 'အပြန်' ကိုတစ်ခါ ဆင်ခြင်တော်မူပါတယ်။ ဒီလိုဆင်ခြင်တော်မူလို့ အရှိကို အရှိအတိုင်း သိရတဲ့အခါ ဒုတိယမှိ အလွန်ဝမ်းမြောက်တော်မူတဲ့အတွက်...

> ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ
>
> အာတာပိနော ဈာယတော ဗြာဟ္မဏဿ
>
> အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ
>
> ယတော ခယံ ပစ္စယာနံ အဝေဒီ။

လို့ ဥဒါန်းကျူးတော်မူပြန်ပါတယ်။

ဒီဥဒါန်းကလည်း ခုနက ပြောခဲ့ကြတဲ့အတိုင်း...

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



အကြင်အခါမှာ ကြောင့်ကြစိုက်ထုတ်လျက် ဈာန်ကိုဝင်စားလျက်က မကောင်းမှုမှ အပပြုပြီးသော ပုဂ္ဂိုလ်အား ဒီပဋိစ္စသမုပ္ပါဒ်ရဲ့ ပြတ်ခြင်းရဲ့ အကြောင်းတို့ဟာ ဉာဏ်ဝမှာ ထင်ရှားစွာဖြစ်ပေါ်လာကုန်၏တဲ့။ ဒါကြောင့် အဝိဇ္ဇာ သင်္ခါရ အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တို့ရဲ့ပုံတောင်းတို့ အကန့်တို့ ဒေါက်တို့ အဲဒီအားလုံးတွေကို ထွေးအန်သွန်ပစ်လိုက်ပြီတဲ့၊ ဒါကြောင့် အဲဒီပုဂ္ဂိုလ်သည် ကုန်ခန်းရာ အကြောင်းနှင့်တကွသော အရာတို့ကို သိပြီလို့ ဥဒါန်းကျူးပါတယ်။

သံဃာတော် အရှင်ကောင်း အရှင်မြတ်တို့ဘုရား...

ဘုရားရှင်ဟာ ပထမ သတ္တာဟရဲ့နောက်ဆုံးနေ့ ဒုတိယအကြိမ် ပဋိစ္စသမုပ္ပါဒ်တို့ရဲ့ စက်ရဟတ်တို့ရဲ့ ဖြတ်ပုံဖြတ်နည်း ကုန်ပုံကုန်နည်းတို့ကို ဆင်ခြင်၍ အရှိ အရှိအတိုင်း သိသောအတိုင်း ဝမ်းသာလွန်းလို့ ဥဒါန်းကျူးခဲ့ပါတယ်ဘုရား။ ယခုလည်းပဲ အရှင်ဘုရားတို့ ဦးထိပ်ထက်၌ ရှိလျက်ရှိသော ရွှေချက်သို ဘုရားကို ဘုရားရှင့်ကိုယ်စား ပဋိစ္စသမုပ္ပါဒ်ရဲ့ ပဋိလောမနည်း ဖြင့် ဥဒါန်းကျူးပူဇော်ကြပါကုန်စို့ဘုရား။

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော
သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော
ဝိညာဏ နိရောဓာ နာမရူပ နိရောဓော
နာမရူပ နိရောဓော သဠာယတန နိရောဓော
သဠာယတန နိရောဓာ ဖဿ နိရောဓော
ဖဿ နိရောဓာ ဝေဒနာ နိရောဓော

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



ဝေဒနာ နိရောဓာ တဏှာ နိရောဓော
တဏှာ နိရောဓာ ဥပါဒါန နိရောဓော
ဥပါဒါန နိရောဓာ ဘဝ နိရောဓော
ဘဝ နိရောဓာ ဇာတိ နိရောဓော
ဇာတိ နိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာနိရုဇ္ဈန္တိ
ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
နိရောဓော ဟောတိ။

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ရဲ့ အနုလုံဖြစ်တဲ့ 'အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်' ဆိုတဲ့ ပတ်လမ်း အနုလောမကိုလည်း ထပ်ပြီးတော့ ဆင်ခြင်တော်မူပါတယ်။ တစ်ခါ...ပဋိစ္စသမုပ္ပါဒ်တို့ရဲ့ ပြတ်လမ်း သို့မဟုတ် သံသရာပြတ်လမ်းဖြစ်တဲ့ အဝိဇ္ဇာချုပ်ငြိမ်းရင် သင်္ခါရချုပ်ငြိမ်းပုံ၊ အဲဒီ ပဋိလောမကိုလည်း ထပ်မံ၍ ဆင်ခြင်တော်မူပါတယ်။ ဒီတော့ ဒီလိုဖြစ်ရင် ဒီလို ဖြတ်လို့ရသည်လို့ ဆင်ခြင်ပြီးတော့ တစ်ခါ အရှိအတိုင်း သိတော်မူတဲ့အတွက် ဝမ်းမြောက်တော်မူလွန်းလို့...

ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယနော ဗြာဟ္မဏဿ
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ
သူရိယောဝ ဩဘာသယ မန္တလိက္ခံ၊

ဆိုတဲ့ ဂါထာတော်နဲ့ ဥဒါန်းကျူးတော်မူပြန်ပါတယ်။ ဆိုလိုတာ

www.dhammaransi.com



ကတော့ အကြင်အခါမှာ အာတာပိ ဝီရိယလို့ ခေါ်တဲ့သမ္မပဒါန်ဝီရိယ နဲ့ အားထုတ်လျက်က ဈာန်လို့ခေါ်တဲ့ ကိလေသာတို့ကို ရှုမှတ်မှုသတိ ဖြင့် ရှုမှတ်လျက်က မကောင်းမှုမှ အပ ပြုပြီးသောသူအား ထိုပဋိစ္စ သမုပ္ပါဒ်တို့၏ အပြန်အလှန်နှင့်တကွ ကိလေသာအားလုံးတို့ကို တရား သဘောအားလုံးတို့ကို သူ၏ဉာဏ်ဝမှာ ထင်ရှားဖြစ်ပေါ်၍ လာကုန် ပြီ၊ အဲဒီလို ထင်ရှားဖြစ်ပေါ်လာတဲ့အခါ ထိုပုဂ္ဂိုလ်အား မာရ်နတ်မင်း ၏ စစ်သည်နှင့်တကွ အားလုံးတို့ကို မှုတ်လွှင့်၍ပစ်လိုက်ပြီ။ သို့မဟုတ် သာသနာ့အလင်းရောင် ထွန်းလင်းပြီလို့ ဆိုပါတယ်။ ကောင်းကင်မှာ နေမင်းထွက်ပြူလာရင် အမိုက်မှောင်အားလုံးကို မှုတ်လွှင့်ပစ်လိုက် သလိုပါပဲလို့ ဆိုလိုပါတယ်။

သံဃာတော်အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား...

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ပဋိလုံအားဖြင့် ဆင်ခြင်တော်မူပြီး ပတ်ခြင်းကိုသော်လည်းကောင်း ပြတ်ခြင်းကိုသော် လည်းကောင်း နှစ်ခုလုံးရဲ့ အကြောင်းခြင်းရာကို အကုန်သိသဖြင့် ယဒါဟဝေနဲ့ ဥဒါန်းကျူးတော်မူပါတယ်ဘုရား။ သံဃာတော်အရှင် မြတ်အပေါင်းတို့မှာလည်း ယခုပွင့်တော်မူလျက်ရှိသော ရွှေချက်သို ဘုရားရှင်အား ပဋိစ္စသမုပ္ပါဒ် အနုလုံပဋိလုံနည်းအားဖြင့် ဥဒါန်းကျူး ပူဇော်တော်မူကြပါဘုရား...။

[**စကားချပ်** ။ ။ ပဋိစ္စသမုပ္ပါဒ်၏ အနုလောမနည်း၊ ပဋိလောမ နည်းတို့ကို အထက်တွင် တစ်ကြိမ်စီ ပူဇော်ပြီးဖြစ်သော်လည်း ဆရာတော်ဘုရားကြီး၏ မူအတိုင်း

www.dhammaransi.com



အနုလောမ ပဋိလောမတို့ကို ထပ်ကြော့ပေါင်းစပ်၍ လေးနက်ရှိသေစွာ တစ်ဆက်တည်း ဖော်ပြပူဇော်လိုက်ပါသည်။]

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝအသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေ ဒနာ နိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိ နိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မ ဏဿ၊ ဝိဓူပယံ တိဋ္ဌတိမာရသေနံ၊ သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

ဘုရားရှင် ပထမ သတ္တာဟမှာ ဆောင်တော်မူခဲ့တာတွေ ဖြစ်ပါ

www.dhammaransi.com



တယ်။ ဒါပြီးတော့ ဒုတိယ သတ္တာဟ အနိမိသံကုန်း၊ ဒါ ပြီးတော့ တတိယသတ္တာဟ စင်္ကမဋ္ဌာန၊ ဒါပြီး စတုတ္ထသတ္တာဟအဖြစ် ဗောဓိပင်ရဲ့ ရာဟုထောင့်မှာရှိတဲ့ နတ်တွေ ဖန်ဆင်းထားတဲ့ ရတနာ ယရရွှေအိမ်လို့ ခေါ်တဲ့ ကျောင်းတော်မှာ သီတင်းသုံးပါတယ်။ ဒီလိုသီတင်းသုံးတော်မူတဲ့အချိန်မှာ ဘုရားရှင်သည် အဘိဓမ္မာလို့ ခေါ်တဲ့ ခန္ဓာနဲ့ ပတ်သက်တဲ့၊ အာယတနနဲ့ ပတ်သက်တဲ့၊ ဓာတ်သစ္စာတို့နဲ့ ပတ်သက်တဲ့ အလွန်ခက်ခဲနက်နဲသော တရားတော်တို့ကို ဆင်ခြင်ပါတယ်။ ဒီလိုဆင်ခြင်တဲ့အခါမှာ အဘိဓမ္မာရဲ့ အစကျမ်းက စပြီး ဆင်ခြင်တယ်။ နောက်ဆုံးဖြစ်တဲ့ 'ပဋ္ဌာန်းကျမ်း' ရောက်သောကာလကျမှ သဗ္ဗညုတဉာဏ်ရဲ့ ကျက်စားရာ လူးလွန့်ရာဖြစ်တဲ့အတွက် ရောင်ခြည်တော်ခြောက်ပါးနဲ့တကွ အားလုံး ကွန့်မြူးတော်မူပါတယ်။ ဒီလို ကွန့်မြူးတော် မူသည်ကို အကြောင်းပြု၍ ယခုအခါ အနေကဇာတင်ရာမှာ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ရပါတယ်။

သံဃာတော်အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား...

ဘုရားရှင်သည် သက္ကရာဇ် ၁၀၃ ခုနှစ် နယုန်လဆန်း လေးရက်၊ ငါးရက်လောက် ရောက်သောအခါ စတုတ္ထ သတ္တာဟ စံမြန်းတော်မူပါတယ်ဘုရား၊ အဲဒီစံမြန်းတော်မူတဲ့အချိန် အဘိဓမ္မာ ဒေသနာတော်ကို တစ်ကျမ်းပြီး တစ်ကျမ်း၊ တစ်ဆင့်ပြီး တစ်ဆင့် အာရုံပြုခဲ့ရာ နောက်ဆုံး ပဋ္ဌာန်းကျမ်း ရောက်သောကာလ၌ ရောင်ခြည်တော်ခြောက်ပါးနဲ့တကွ ဘုန်းတော်ခြောက်စုံ၊ ဘုရားရှင်ရဲ့ ဂုဏ်များအားလုံး ပွင့်ပေါ်တော်မူပါတယ်။ ထို့အတူ ယခုလည်းပဲ အရှင်ဘုရားတို့၏ ဦးထိပ်ထက်၌

www.dhammaransi.com



ပွင့်တော်မူလျက်ရှိသော ရွှေချက်သို ဘုရားရှင်အား ဘုရားရှင်ရဲ့ကိုယ်စား ပဌာန်းတရားတော်တို့ကို ပူဇော်၍ ရောင်တော်ဖွင့်တော်မူကြပါ အရှင်မြတ်တို့ဘုရား...။

ဟေတု ပစ္စယော
အာရမ္မဏ ပစ္စယော
အဓိပတိ ပစ္စယော
အနန္တရ ပစ္စယော
သမနန္တရ ပစ္စယော
သဟဇာတ ပစ္စယော
အညမည ပစ္စယော
နိဿယ ပစ္စယော
ဥပနိဿယ ပစ္စယော
ပုရေဇာတ ပစ္စယော
ပစ္ဆာဇာတ ပစ္စယော
အာသေဝန ပစ္စယော
ကမ္မ ပစ္စယော
ဝိပါက ပစ္စယော
အာဟာရ ပစ္စယော
ဣန္ဒြိယ ပစ္စယော
ဈာန ပစ္စယော

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



မဂ္ဂ ပစ္စယော
သမ္ပယုတ္တ ပစ္စယော
ဝိပ္ပယုတ္တ ပစ္စယော
အတ္ထိ ပစ္စယော
နတ္ထိ ပစ္စယော
ဝိဂတ ပစ္စယော
အဝိဂတ ပစ္စယောတိ။

ဒါက စတုတ္ထသတ္တာဟမှာ ဘုရားရှင် ဆောင်ရွက်တော်မူချက်ဖြစ်ပါတယ်။ ဒါပြီး ပဥ္စမ သတ္တာဟ၊ ဗောဓိပင်ရဲ့ အရှေ့အရပ်၊ ဆိတ်ကျောင်းသားတို့ နားခိုရာ ညောင်ပင်ဖြစ်တဲ့အတွက် အဇပါလ ညောင်ပင်၊ ဒီညောင်ပင်မှာ အထူး လုပ်ဆောင်ချက် မရှိပါ။ ဒါပြီး ဆဋ္ဌမ သတ္တာဟ မုစ္စလိန္ဒာအိုင်၊ မဟာဗောဓိပင်ရဲ့ အဂ္ဂိထောင့်အရပ်မှာ ရှိပါတယ်။ ဒီမှာလည်း အထူးတလည် ဆောင်ရွက်တာရယ်လို့ မရှိပါ။ ဒါပြီး သတ္တမ သတ္တာဟ အဖြစ် ဗောဓိပင်ရဲ့ တောင်အရပ်မှာ ရှိတဲ့ လင်းလွန်းဗောဓိမှာ သီတင်းသုံးတော်မူပါတယ်။ ဒီအချိန်မှာ ၃၁ ဘုံသားတို့အပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ ခေါ်တဲ့ ဗြဟ္မဝိဟာရ – မြတ်သောနေခြင်းဖြင့် နေတော်မူသောအချိန် ဖြစ်ပါတယ်။ ဒီလိုနေတဲ့အချိန်မှာ ပထမ သဗ္ဗေသတ္တာ အစရှိတဲ့ မေတ္တာပို့ အနောမိသက ငါးမျိုး၊ ဩဓိသလို့ ဆိုတဲ့ မရည်ညွှန်းတာက ခုနစ်မျိုးနဲ့ မေတ္တာပို့တော်မူခဲ့ပါတယ်။ ဒါပြီးတော့မှ ဒိသာ ဖရဏ မေတ္တာလို့ ခေါ်တဲ့ အရပ်လေးမျက်နှာ၊ ရှစ်မျက်နှာ၊ ဆယ်မျက်နှာမှာ ရှိတဲ့ အဲဒီ ရည်ညွှန်း

www.dhammaransi.com



ငါးမျိုး၊ မရည်ညွှန်း ခုနစ်မျိုးတို့ကို မေတ္တာပို့ပြန်ပါတယ်။ ဒါပြီး ဒီ ၃၁ ဘုံမှာ မြေပေါ်မှာ၊ ရေထဲမှာ၊ ကောင်းကင်မှာ တည်နေတဲ့ သတ္တဝါ အားလုံးကို အနီးကပ် ဘေးရန်မှ ကင်းရန် မေတ္တာပွားတော်မူပြန်ပါ တယ်။ အချိန်အားဖြင့် လျှောက်ထားရရင် နယုန်လပြည့်ကျော် ၁၃ ရက်လောက်က နေပြီး ဝါဆိုလဆန်း ငါးရက်၊ ခြောက်ရက်လောက် ထိ သီတင်းသုံးချိန် ဖြစ်ပါတယ်။ အဲဒီလို မေတ္တာပို့ရာမှာ...

**မေတ္တာဖြင့် မေတ္တာပို့ခြင်း**
**ကရုဏာဖြင့် မေတ္တာပို့ခြင်း**
**မုဒိတာဖြင့် မေတ္တာပို့ခြင်း**
**ဥပေက္ခာဖြင့် မေတ္တာပို့ခြင်း**

လို့ လေးမျိုး တွေ့ရပါတယ်။ အဲဒီမှာ သဗ္ဗေ သတ္တာ က စပြီး လျှောက်ထားရရင် ၃၁ ဘုံသားအားလုံးကို ရည်ညွှန်းသော်လည်း အထူး အားဖြင့် ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံမှာရှိတဲ့ သတ္တဝါတွေကို ရည်ညွှန်းပါတယ်။ သဗ္ဗေပါဏာ ဆိုတာ ထွက်သက် ဝင်သက် ရှိ သော လူသားတွေနဲ့ တိရစ္ဆာန်တွေ ကို အထူးပြု ရည်ညွှန်းပါတယ်။ သဗ္ဗေဘူတာ ဆိုသည်မှာ ရုပ်စုံ နာမ်စုံရှိတဲ့ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာမှာ တစ်ဆယ့်ငါးဘုံသော ပုဂ္ဂိုလ်များကို ရည်စူးပါတယ်။ သဗ္ဗေ ပုဂ္ဂလာ ဆိုသည်မှာ ပုဂ္ဂိုလ်အဖြစ် စာရင်းဝင်သော်လည်း မမြင်အပ် သော အရူပ လေးဘုံမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေကို အထူးပြုပါတယ်။ ဒါပြီး သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ ဆိုသည်မှာ ကိုယ်အတ္တဘော၌ အကျုံး ဝင်တဲ့ အသညသတ်ပုဂ္ဂိုလ်တွေကို အထူးပြုပါတယ်။

## သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



အဲဒီရည်ညွှန်းငါးမျိုးထဲမှာ ရှိနေတဲ့ သဗ္ဗာက္ကတ္တိယော သဗ္ဗေပုရိသာ... ဒါက အစုံတစ်ခု ဖိုနဲ့ မ၊ သဗ္ဗေအရိယာ သဗ္ဗေအနရိယာဆိုတာက အရိယာဖြစ်ပြီးသောသူ အရိယာမဖြစ်သေးသောသူကိုလည်း အစုံတစ်ခု ထားပါတယ်။ ပြီးတော့ နတ်ဗြဟ္မာအားလုံး၊ ပြီးတော့ ဝိနိပါတိက ဘေးဖြင့် အစွဲရှိရာ ကျရောက်နေရတဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အစရှိတဲ့ ဝေမာနိက အားလုံး ဒါတွေကို ရည်စူးပြီးတော့ အဝေရာဟောန္တု– ရန်မရှိသည်ဖြစ်ကြပါစေ၊ အဗျာပဇ္ဇာဟောန္တု–စိုးရိမ် ကြောင့်ကြ ကင်းကြပါစေ၊ အနီဃာဟောန္တု–စိတ်ဆင်းရဲခြင်း ကင်းကြပါစေ၊ သုခီအတ္တာနံ ပရိဟရန္တု–ကိုယ့်ကိုယ်ကို ချမ်းသာအောင် နေတတ်ကြပါစေလို့ စိတ်ညွှတ်ပေးရမှာဖြစ်ပါတယ်။ ဒါကို **မေတ္တာဖြင့် မေတ္တာပို့ခြင်း** လို့ ခေါ်ပါတယ်။ ဘုရားရှင်သည် အတွင်းရန် အပြင်ရန်ကို အောင်တော်မူပြီးတဲ့အတွက် ရှိရှိသမျှ ကိလေသာအားလုံးကိုလည်း ဝါသနာနှင့်တကွ ပယ်သတ်ပြီးဖြစ်တဲ့အတွက် ဘုရားရှင်မှာ ရန်မရှိတော့သလို ကျန်တဲ့ ဝေနေယျအားလုံးကိုလည်း ဘုရားရှင်လိုပဲ ရန်မရှိအောင် စိုးရိမ်ကြောင့်ကြမရှိအောင် စိတ်ဆင်းရဲမှု မရှိအောင် ကိုယ့်ကိုယ်ကို ချမ်းချမ်းသာသာ နေတတ်အောင် တန်းတူထား၍ မေတ္တာပို့ပါတယ်။

ဒါပြီးတော့ ဒုက္ခာမုစ္စန္တု။

ဘုရားရှင် ကိုယ်တော်တိုင်မှာ ဘေးဒုက္ခအပေါင်းမှ လွတ်မြောက်ပြီး ဖြစ်ပေမယ့် ဝေနေယျတွေမှာတော့ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခ၊ မိမိကြောင့်ဖြစ်တဲ့ဒုက္ခ၊ သူတစ်ပါးကြောင့် ဖြစ်တဲ့ဒုက္ခ၊ အဲဒီဒုက္ခ

www.dhammaransi.com



အားလုံးမှ မလွတ်ပုံတွေကို သနားသောအားဖြင့် ဩော်...ငါ နုစဉ် ကာလတုန်းကလည်း သူတို့လို ဆင်ကန်းတောတိုးနဲ့ သွားခဲ့တဲ့အတွက် ဒုက္ခမျိုးစုံ ရောက်ခဲ့ပြီလို့ နုစဉ်ဘဝနဲ့ တန်းတူထားပြီး မေတ္တာပို့တာ ဖြစ်လို့ **ကရုဏာဖြင့် မေတ္တာပို့ခြင်း** လို့ ခေါ်ပါတယ်။

နောက်တစ်ခုက...

ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မယုတ်လျော့ပါစေနှင့် လို့ စိတ်ထားပေးနိုင်ခြင်းပါပဲ။

ဘုရားရှင် ကိုယ်တော်တိုင်ကတော့ ဘယ် လာဘ်လာဘ ကမှ မယုတ်လျော့တော့ပါဘူး။ ဘုန်းတော် ကံတော် ဉာဏ်တော် လေးသခ်ျေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတော်က တစ်ပြားသားမှ မယုတ်လျော့တော့ပါဘူး။ သို့သော် သံသရာမှာ ကျင်လည်နေတဲ့ သတ္တဝါတွေမှာ တချို့ အထက်တန်းစားဖြစ်သော်လည်း အောက်ရောက် တချို့ အောက်ကနေ အထက်ပြန်တက်လိုတက်နဲ့ အဲဒီလို ဖြစ်နေသူတွေ ကြည့်ပြီး အထက်ဘုံရောက်နေသူတွေ အပါယ်လေးဘုံ အောက်ဘုံ ပြန်မကျစေလိုတဲ့ စေတနာနဲ့ ‘ရပြီးသော စည်းစိမ်ဥစ္စာများမှ မယုတ်လျော့ပါစေနှင့်’ လို့ ဝမ်းမြောက်ဝမ်းသာအားဖြင့် ပို့သတဲ့ မေတ္တာကို **မုဒိတာဖြင့် မေတ္တာပို့ခြင်း** လို့ ဆိုရပါတယ်။ ဘုရားရှင် နုစဉ်ဘဝက ဗြဟ္မာမင်းဘဝ၊ နတ်မင်းဘဝ အကြိမ်ကြိမ် ရရှိပြီး ချမ်းသာတာ ခံစားဖူးလေတော့ ကိုယ်တော်နှင့် တန်းတူထားပြီး ချမ်းသာခြင်းမှ မယုတ်လျော့စေလိုတဲ့ မုဒိတာ မေတ္တာပို့ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကမ္မဿကာ ဆိုတာကတော့ မိမိက ဘယ်

www.dhammaransi.com



လိုပင် မေတ္တာပို့ပို့ သူ့ကံအကြောင်းတရား သူ့စေတနာ သူ့အစွဲ အလမ်းအတိုင်း အောက်ကျမယ့် ပုဂ္ဂိုလ်သည် အောက်ကျ အထက် တက်မယ့် ပုဂ္ဂိုလ်သည် အထက်တက်ရတာဖြစ်လို့ ဘုရားရှင်ဟာ ဥပေက္ခာစိတ်နဲ့ မိမိတို့ပြုလုပ်သော ကောင်းမှုဆိုးမှုအတိုင်း ကောင်း ဒဏ်ဆိုးဒဏ်များကို ခံကြစံကြပါစေ သို့မဟုတ် မိမိပြုသောအပြုအမူ သည် မိမိသာ ခံရမည့်အဖြစ်ကို သဘောပေါက်ကြပါစေလို့ ဥပက္ခောနဲ့ ယှဉ်တဲ့ မေတ္တာပို့ကို ပွားတော်မူပါတယ်။ ဘုရားရှင်ကိုယ်တော်တိုင် လည်း နစဉ်ကာလတုန်းက သူ့အစွဲကျရာ သူ့ကံကျူးလွန်ရာ သူဖြစ် ခဲ့တဲ့အတိုင်း အဲဒါတွေကို တန်းတူထားပြီး မေတ္တာပို့ပါတယ်။ ဒါကို **ဥပေက္ခာဖြင့် မေတ္တာပို့ခြင်း** လို့ ခေါ်ပါတယ်။

'ဒိသာ ဖရဏ'ကလည်း သဘောချင်းအတူတူပါပဲ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ ကျတော့ မြေပေါ်မှာ ရေထဲမှာ ကောင်းကင် မှာရှိတဲ့ သတ္တဝါအားလုံး မြင်အပ်မမြင်အပ် အနီးအဝေးတွေကို နိဝေ ရာစ– ရန်ကင်း၊ နိဒုက္ခာစ– ဒုက္ခကင်း၊ နုပဒ္ဒဝါ – အနီးကပ် ကပ်ရှ ညှဉ်းဆဲ ဖျက်ဆီးတဲ့ ရန်မှ ကင်းကြပါစေလို့ မေတ္တာပွားတာပါ။

သံဃာတော် အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား...

ဘုရားရှင်သည် သတ္တမ သတ္တာဟ ဖြစ်တဲ့ လင်းလွန်းပင် ဗောဓိ ပင်အောက်က နေပြီး ၃၁ ဘုံသား အမြင့်အနိမ့် အလယ်အလတ် အား လုံးတို့ကို မေတ္တာဖြင့် မေတ္တာပို့ခြင်း၊ ကရုဏာဖြင့် မေတ္တာပို့ခြင်း၊ မုဒိ တာဖြင့် မေတ္တာပို့ခြင်း၊ ဥပေက္ခာဖြင့် မေတ္တာပို့ခြင်း ပြုသကဲ့သို့ အရှင် ဘုရားတို့သည်လည်း အရှင်ဘုရားတို့ရဲ့ ဦးထိပ်ထက်မှာ ပွင့်တော်မူ

www.dhammaransi.com



စ ဖြစ်သော ရွှေချက်သိုဘုရားကို အာရုံပြု၍ သတ္တဝါအပေါင်းတို့အား မေတ္တာပွားပို့ကြပါစို့ဘုရား...။

သဗ္ဗေသတ္တာ သဗ္ဗေပါဏာ
သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ
သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ
သဗ္ဗာ ဣတ္ထိယော သဗ္ဗေပုရိသာ
သဗ္ဗေအရိယာ သဗ္ဗေအနရိယာ
သဗ္ဗေဒေဝါ သဗ္ဗေမနုဿာ
သဗ္ဗေ ဝိနိပါတိကာ
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊
အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု၊
ဒုက္ခာမုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတောမာဝိဂစ္ဆန္တု၊ကမ္မဿကာ။
ပုရတ္ထိမာယဒိသာယ ပစ္ဆိမာယဒိသာယ
ဥတ္တရာယဒိသာယ ဒက္ခိဏာယဒိသာယ
ပုရတ္ထိမာယအနုဒိသာယ ပစ္ဆိမာယအနုဒိသာယ
ဥတ္တရာယအနုဒိသာယ ဒက္ခိဏာယအနုဒိသာယ
ဟေဋ္ဌိမာယဒိသာယ ဥပရိမာယဒိသာယ
သဗ္ဗေသတ္တာ သဗ္ဗေပါဏာ သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ
သဗ္ဗေအတ္တဘာဝပရိယာပန္နာ သဗ္ဗာဣတ္ထိယော
သဗ္ဗေပုရိသာ သဗ္ဗေအရိယာ သဗ္ဗေအနရိယာ
သဗ္ဗေဒေဝါ သဗ္ဗေမနုဿာ

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



သဗ္ဗေဝိနိပါတိကာ အဝေရာ ဟောန္တု၊
အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊
သုခီအတ္တာနံပရိဟာရန္တု၊
ဒုက္ခာမုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊
ကမ္မဿကာ။

ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော
သမန္တာ စက္ကဝါဠေသု ယေသတ္တာ ပထဝီစရာ အဗျာပဇ္ဈာ
နိဝေရာစ နိဒုက္ခာစ နုပဒ္ဒဝါ။

ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော
သမန္တာ စက္ကဝါဠေသု ယေသတ္တာ ဥဒကေစရာ အဗျာပဇ္ဈာ
နိဝေရာစ နိဒုက္ခာစ နုပဒ္ဒဝါ။

ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော
သမန္တာ စက္ကဝါဠေသု ယေသတ္တာ အာကာသေစရာ အဗျာပဇ္ဈာ
နိဝေရာစ နိဒုက္ခာစ နုပဒ္ဒဝါ။

ဘုရားရှင်ဟာ သတ္တမ သတ္တာဟမှာ ဖြဟ္မာ့ဝိဟာရ တရားလေးပါးနဲ့ ပွားများနေတဲ့အချိန် မြန်မာပြည် ဥက္ကလာပ ဒဂုံတိုင်းက တဖုဿနဲ့ ဘလ္လိက ကုန်သည်ညီနောင်တို့ ဦးဆောင်ပြီး လှည်းငါးရာနဲ့ ကုန်သည် အဖွဲ့ဟာ ဗုဒ္ဓဂယာအနီးက ဖြတ်သွားချိန်၊ တစ်ချိန်က သူတို့နဲ့

www.dhammaransi.com



ဆွေမျိုးတော်ခဲ့ဖူးတဲ့ နတ်မင်းက လူယောင်ဆောင်ပြီး 'ဘုရားရှင် ပွင့်ထွန်းနေပြီ၊ သင်တို့ သွားဖူးကြ' လို့ လမ်းညွှန်ပါတယ်။ သူတို့လည်း ဘုရားရှင်ကို ဝမ်းပန်းတသာ ဖူးမြော်ရင်းက ပျားမုန့်ဆမ်း ကပ်လှူကြတယ်။ အဲဒီမှာ ဘုရားရှင်က ရှေးဘုရားရှင်တို့ ဘယ်လိုများ အလှူခံခဲ့ပါလိမ့်လို့ ဆင်ခြင်တော်မူတဲ့အခါ သပိတ်တော်နဲ့ အလှူခံတာ သွားတွေ့တယ်။ ဒါနဲ့ သပိတ်တော်အလို့ငှာ အာရုံယူတဲ့အခါ နတ်မင်းကြီးလေးပါးက ပတ္တမြားသပိတ် မြသပိတ် ရွှေသပိတ် ငွေသပိတ်တွေ ဆက်ကပ်ပေမယ့် ဒါတွေဟာ မအပ်စပ်လို့ ပယ်တော်မူတယ်။ နောက်ဆုံးကျမှ ကျောက်ညိုသား သပိတ်လေးလုံး ရောက်လာတယ်။ အဲဒီ သပိတ်လေးလုံးကို အဓိဋ္ဌာန်တော်ဖြင့် တစ်ပေါင်းတည်းပြုပြီး တစ်လုံးတည်းဖြစ်စေကာ ပျားမုန့်ဆမ်းကို အလှူခံခဲ့ပါတယ်။ တဖုဿနဲ့ ဘလ္လိကတို့ကလည်း တပည့်အဖြစ် မှတ်တော်မူပါဘုရားလို့ လျှောက်တဲ့အတိုင်း 'ဒွေ ဝါစိက သရဏဂုံ' ချီးမြှောက်တော်မူပါတယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ

အဲဒီတုန်းက အဲဒီသရဏဂုံနှစ်ပါးပဲ ရှိသေးတယ်။ သံဃာပေါ်မယ့် အချိန်က သက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ ဖြစ်ပါတယ်။ ပဥ္စဝဂ္ဂီငါးဦး အစအဦးထားပြီးမှ သံဃာရယ်လို့ ဖြစ်လာမှာပါ။ တဖုဿနဲ့ ဘလ္လိကတို့ဟာ ဒွေ ဝါစိက သရဏဂုံနှစ်ပါးခံယူ ဆောက်တည်ပြီး 'တပည့်တော်များ တိုင်းပြည် ပြန်ရောက်တဲ့အခါ အရှင်ဘုရား ကိုယ်

www.dhammaransi.com



စား ကိုးကွယ်ရာတစ်ခုခု ချီးမြှင့်ပါ’လို့ လျှောက်ထားတော့မြတ်စွာဘုရားရှင်က ဆံတော်ရှစ်ဆူ စွန့်တော်မူတယ်။ အဲဒီဆံတော်ရှစ်ဆူ ဌာပနာပြီး ရွှေတိဂုံစေတီတော်ကြီး တည်လာခဲ့တာ သက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်မှာ ရွှေထီးတော် တင်လှူနိုင်ခဲ့တယ်။ ဒါ့ကြောင့် ရွှေတိဂုံ စေတီတော်မြတ်ကြီးသည် ဘုရားရှင်နှင့် ဝါတော်အတူတူ ဖြစ်ပါတယ်။ အဲဒီအချိန်က စပြီး တဖုဿနဲ့ ဘလ္လိကတို့ဟာ ဘုရားရှင်ရဲ့ အဆုံးအမတော်အတိုင်း အားထုတ်တဲ့အတွက် တဖုဿက ရဟန်းကိစ္စပြီး ရဟန္တာဖြစ်၊ ဘလ္လိကက အနာဂါမ်တည်တယ်လို့ ဆိုပါတယ်။ တစ်နည်းအားဖြင့် ဗုဒ္ဓနဲ့ ခမ္မ ကျေးဇူးကြောင့် တဖုဿနဲ့ ဘလ္လိကတို့ နိဗ္ဗာန်သို့ ကူးခတ်သွားနိုင်ပုံ ဖြစ်ပါတယ်။

သံဃာတော်အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား...

တဖုဿနဲ့ ဘလ္လိကတို့ အမွေရလာသော ဘုရားဂုဏ်တော် တရားဂုဏ်တော်တို့ကို ဘုရားရှင့်ကိုယ်စား အရှင်ဘုရားတို့ ဦးထိပ်ထက်၌ ပွင့်တော်မူလျက်ရှိသော ရွှေချက်သိုဘုရားအား အာရုံပြုပူဇော်ကြပါစို့ဘုရား။

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော
လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ
သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



သွာက္ခာတောဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော
အကာလိကော ဧဟိပဿိကော ဩပနေယျိကော
ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ၃၁ ဘုံသား ဝေနေယျ ခနစ်ရက် သား ခုနစ်ရက်သမီးများကို အစထား၍ နိဗ္ဗာန်သွားလမ်းမှာ အပါ ခေါ်ချင်တဲ့အတွက် သတ္တသတ္တာဟ စံတော်မူခန်းမှာ ပြုကျင့်တော်မူ သော ဆောင်ရွက်ချက်များ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပြီးမှသာ ဘုရားအဖြစ်ကို ဝန်ခံတော်မူပြီး၍ ဒေသစာရီ လှည့်တော်မူပါတယ်။ ဒီလို ဒေသစာရီလှည့်ခါနီးမှာ ရှေးဘုရားရှင်တို့ အပရာဇိတ ပလ္လင်မှာ ဘိသိက်ခံသကဲ့သို့ ဂေါတမဘုရားရှင်သည်လည်း **'ဖယန္တော ဗောဓိယာ မူလေ'** ဖြင့် ဘိသိက်ခံတော်မူပါတယ်။

သံဃာတော်အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား...

ယနေ့လည်း ရွှေချက်သိုဘုရား စေတီဟာ ပွင့်သစ်လို့ နေပါပြီ။ ဘုရားရှင်သည် သတ္တသတ္တာဟမှာ ဆောင်ရွက်သကဲ့သို့ ဘုရားရှင့် ချစ် သား သံဃာတော်များကလည်း ဥဒါန်းကျူးရင့်ခြင်း၊ အာရုံပြုခြင်း၊ မေတ္တာပို့ခြင်း အမှုတို့ကို ပြုလုပ်ဆောင်ရွက်ပြီးခဲ့ကြပါပြီ။ ဒီလို ဆောင် ရွက်ပြီးတဲ့နောက် ဘုရားရှင် ဘိသိက်ခံတော်မူသကဲ့သို့ ရွှေချက်သို ဘုရား၏ အောင်တော်မူခြင်း ဘိသိက်ကို အာရုံပြုပူဇော်ကြလျက် အနေ ကဇာတင်ပွဲ ရုပ်သိမ်းတော်မူကြပါကုန်စို့ အရှင်မြတ်တို့ဘုရား။

www.dhammaransi.com



ဇယန္တော ဗောဓိယာမူလေ
သကျာနံ နန္ဒိဝဍ္ဎနော
ဧဝ မေဝ ဇယောဟောတု
ဇယဿု ဇယမင်္ဂလေ
အပရာဇိတ ပလ္လင်္ကေ
သီသေ ပုထု ဝိပုက္ခလေ
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ
အဂ္ဂပ္ပတ္တော ပမောဒတိ။

သုနက္ခတ္တံ သုမင်္ဂလံ
သုပ္ပဘာတံ သုဟုဋ္ဌိတံ
သုခဏော သုမုဟုတ္တောစ
သုယိဋ္ဌံ ဗြဟ္မစာရိသု
ပဒက္ခိဏံ ကာယကမ္မံ
ဝါစာကမ္မံ ပဒက္ခိဏံ
ပဒက္ခိဏံ မနောကမ္မံ
ပဏိဓိတေ ပဒက္ခိဏာ
ပဒက္ခိဏာနိ ကတွာန
လဘန္တတ္ထေ ပဒက္ခိဏေ။

www.dhammaransi.com



(တေ အတ္တလဒ္ဓါ သုခိတာ
ဝိရူဠှာ ဗုဒ္ဓသာသနေ
အရောဂါ သုခိတာ ဟောထ
သဟာသဗ္ဗေဟိ ဉာတိဘိ)

(သုံးခေါက်ပူဇော်)

ထိုကဲ့သို့ အနေကဇာတင်ပူဇော်သံများအဆုံးတွင် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'သာဓုခေါ်ကြပါ အရှင်မြတ်တို့ဘုရား' ဟု နှိုးဆော်လိုက်သည်နှင့်...

'သာဓု...သာဓု...သာဓုပါ ဘုရား'

ဟူသော တစ်ခဲနက်သော သာဓုခေါ်သံကြီးက ဤကမ္ဘာမြေကြီးအား သိမ့်သိမ့်တုန်စေလျက် သက်သေအရာ တည်ခဲ့ပါချေပြီတကား။

[**အညွှန်း။** ။ ၂၉-၄-၉၉၊ ၁၃၆၁ ကဆုန်လပြည့်တွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၊ မင်းကုန်းရွာ၊ ဥယျာဉ်မြေရှေ့ချက်သို တံခွန်တိုင်စေတီတော် အနေကဇာတင်ပွဲ]

[၁၉၉၉ အောက်တိုဘာလ၊ ဂမ္ဘီရမဂ္ဂဇင်း]

www.dhammaransi.com

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့

# တံခွန်ထူနတ်လူ့သိစေသား

မိုးရွာပြီးစ နတ်တလူတောရဝန်းကျင်ဟာ စိမ်းလန်းစိုလွင်နေသလောက် နတ်တလူတောရကြီးတစ်ခုလုံးကတော့ဖြင့် ခြောက်ခြောက်ကပ်ကပ်၊ မနေ့တစ်နေ့ကအထိ ဆရာတော်ဖူးပရိသတ်တို့ဖြင့် စည်စည်ကားကား အုတ်အုတ်ကျက်ကျက် ရှိခဲ့တဲ့ နတ်တလူတောရဟာ ပကတိငြိမ်ဆိတ်လို့၊ ကျွန်တော်တို့ကား ထိုးဆိုက်လာတာနဲ့ မိတ်ဆွေဂေါပကလူကြီးတွေ ပျာယီးပျာယာ မျှော်လင့်တကြီး အမူအရာနဲ့ ဆီးကြိုကြရဲ့။

'မရှိတော့ဘူး၊ ဆရာတော်ကြီး မနေ့ကပဲ ကြွသွားပြီ'

'ဆရာတို့ တစ်ရက်ကလေး နောက်ကျသွားတယ်'

'ဘာသတင်းထူးသေးလဲ'

သတင်း၊ မှတ်ချက်၊ မေးခွန်းတွေ လေနဲ့အတူ တိုးဝှေ့လာတော့

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



တယ်။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ဖက်ငိုရတော့မလို ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြရဲ့။ ဘုရားရှင်၏ အမေးကို ရက်ကန်းသည်မလေး ဖြေဆိုခဲ့သလို 'သိလည်း သိပါ၏၊ မသိလည်း မသိပါဘုရား' လို့ ဆိုရတော့မှာ ဖြစ်ပါတယ်။

ဒီအချိန် ဒီနေရာ နတ်တလူတောရက ဆရာတော်ဘုရားကြီး ထွက်ကြွတော်မူမည်ကို ကျွန်တော်တို့ ကြိုတင်သိထားခဲ့ပါရဲ့။ နတ်မောက်မြို့နယ် နယ်ကူးတောင်ဆီ ကြွချီသီတင်းသုံးလိမ့်မည်လို့လည်း ခိုင်လုံတဲ့ သတင်းတွေ ထွက်ပေါ်ခဲ့ပါရဲ့။ သို့သော် သို့သော်...နတ်မောက် နယ်မှာ သတ်မှတ်ရက်အတွင်း အချိန်မီ ကျောင်းမပြီး၊ အပင့်အလျှောက်တို့လည်း ရောက်မလာလေသောကြောင့် ယခုဆရာတော်ဘုရားကြီး တစ်နေရာဆီ ကြွသွားပြီဆိုတဲ့ သတင်းကိုတော့ ရွှေဘိုမှာကတည်းက ရခဲ့တာပါ။ ဒါပေမဲ့ ဘယ်ဝယ်ဘယ်ဆီ ကြွချီသွားပြီ ဆိုတာကိုတော့ ရွှေဘိုက တပည့်ဒကာများလည်း မသိ၊ နတ်တလူတောရ၏ ဂေါပကများလည်း မသိ၊ ကျန်ရစ်ခဲ့သော နာယကဆရာတော်များလည်း မသိ၊ လောလောဆယ် ဘယ်သူမှ မသိနိုင်တော့ပြီ။

ဆရာတော်ဘုရားကြီး နတ်တလူတောရသို့ ကြွလာ သာသနာပြုခဲ့သည်မှာ ဒီနှစ် ဒီအချိန်ဆိုရင် သုံးနှစ်ပြည့်ခဲ့ပြီကိုး။ တောရတစ်ခုတွင် သုံးနှစ်သုံးဝါသာ သီတင်းသုံးရိုး ထုံးစံရှိခဲ့တာလည်း တပည့်ဒကာများ အားလုံး အသိပင်။ ဒါ့ကြောင့် ဆရာတော်ဘုရားကြီးဟာ ၁၃၆၁ ခု နယုန်လဆန်း ၂ ရက် (၁၆-၅-၉၉) နေ့က နတ်တလူတောရမှ ထွက်ကြွသွားပြီလို့ သိရပါတယ်။ အဲဒါဟာ မနေ့ကပါပဲ။ ကျွန်တော်တို့

www.dhammaransi.com



တစ်ရက်ကလေး လွဲသွားတာ၊ ကျွန်တော်တို့ ရန်ကုန်က ထွက်လာတဲ့ နေ့မှာပဲ ဆရာတော်ကြီး ထွက်ကြွတော်မူခဲ့တာ။

ကျွန်တော်တို့ မနားတမ်း ဆိုသလို လိုက်လာခဲ့ပါသော်လည်း တစ်ကြိမ်တော့ဖြင့် လွဲခဲ့ရပေပြီ။ လမ်းမှာ နားတယ်ဆိုရုံ ရွှေကြက်ယက်ကို ခဏဝင်၊ ကိုဝင်းမင်းထွေးလည်း လေဖြတ်ထားတဲ့ သူ့မိခင်ကြီးကို ခဏမျှ ကြည့်တယ်ဆိုရုံ၊ သူ့မိခင်ကြီးကလည်း 'ငါက ဖြစ်ပါတယ်၊ မင်းတို့ ဆရာတော်ဆီ သွားမှာ သွားကြပါ' အားပေးတိုက်တွန်းလိုက်တာနဲ့ နတ်တလူကို ရောက်ခဲ့တာပါ။ အမှန်စင်စစ်တော့ ကဆုန်လပြည့်နေ့ကတည်းက ကျွန်တော်တို့စိတ်က နတ်တလူတောရနှင့် မင်းကုန်း ရွာဆီ ရောက်နေခဲ့ပါပြီ။ အဲဒီနေ့ဟာ ဆရာတော်ဘုရားကြီးရဲ့ ဇာတိချက်ကြွေ မင်းကုန်းမြေမှာ တည်ထားတဲ့ ဥယျာဉ်မြေ ရွှေချက်သို တံခွန်တိုင်စေတီ ပြီးစီးအောင်မြင်ခြင်း အထိမ်းအမှတ် ရေစက်ချမယ့် နေ့ပါ။ ဒါပေမဲ့ ပြောရရင် အဲဒီအချိန်မှာ ရန်ကုန်ပြန်ရောက်တာ တစ်ပတ်တောင် မပြည့်သေး၊ အလုပ်ကြွေးတွေ ချက်ချင်းဆပ်ရပါတယ်။ ကံကောင်းတယ်လို့ ဆိုနိုင်တာ တစ်ခုကတော့ ကျွန်တော့်အလုပ် ဆိုတာ ဆရာတော်ဘုရားကြီးရဲ့ တရားဓမ္မတွေကို စာပေအဖြစ် ပြန်လည်ဖန်တီးရေးသားခြင်း ဖြစ်နေတာပါပဲ။ ကဆုန်လပြည့်ကျော်နေ့များမှာပဲ ဆရာတော်ဘုရားကြီးရဲ့ တရားဓမ္မတွေကို ကျွန်တော် စုစည်းပူဇော်တဲ့ စာအုပ် နှစ်အုပ် ရှေ့ဆင့် နောက်ဆင့် ဆိုသလို စာပေစိစစ်ရေးက ခွင့်ပြုချက် ကျလာပါတယ်။ 'အမေ့အတွက် မမေ့တရား' ဆိုတဲ့စာအုပ်ကလေးက ကိုဝင်းမင်းထွေးက စီစဉ်ထုတ်လုပ်မှာဆိုတော့ လိုချင်တဲ့

www.dhammaransi.com



ပုံစံကို အနီးကပ် တိုင်ပင်စီစဉ်လို့ ရပါတယ်။ နောက်တစ်အုပ်'ကြောင်းကျိုး ဆက်သဘောအချက်များ'(ဘာ့ကြောင့်) ကတော့ ထုတ်ဝေသူ အသစ် ကိုနေမျိုး ထုတ်မှာဆိုတော့ လိုချင်တဲ့ပုံစံကို အသေးစိတ် ပြောပြရပါတယ်။ ကိုနေမျိုး ထုတ်မယ့်စာအုပ်က ကျွန်တော်တို့ ရန်ကုန်က ထွက်လာတဲ့အထိ မျက်နှာဖုံး ဒီဇိုင်း မပြီးသေးပါဘူး။ ဒီကိစ္စကိုလည်း နောက်ဆံသိပ်တင်းမနေတော့ဘဲ စိတ်ချလက်ချ ထွက်ခဲ့တာပါ။ ရန်ကုန်က တစ်ခေါက်ထွက်နိုင်အောင် တော်တော်ကို ပြေးပြေးလွှားလွှား စီစဉ်ရတာပါ။ သို့ပါသော် ဆရာတော်ဘုရားကြီးရဲ့ ခရီးစဉ်ကို ကျွန်တော်တို့ မမီခဲ့တော့ပါ။ လိုက်ပါကန်တော့ခွင့် မရလိုက်သဖြင့်ကား ကျွန်တော်တို့ရဲ့အားနည်းချက်များကိုသာ ပြန်လည်ရှုမြင်သုံးသပ်လို့ပေါ့။

နတ်တလူတောရမှာ ဆရာတော်ဘုရားကြီး မရှိတော့သော်ငြားဝေနေယျအားလုံးအတွက် ဆရာတော်ဘုရား တည်ထားခဲ့သော 'မင်းဘိသိက်ခံ ဘုရား' ရှိနေပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အလုပ်လုပ်ကြပါတယ်။ ပြီးတာနဲ့ ကိုဝင်းမင်းထွေးက…

'ရွှေချက်သို သွားဖူးကြစို့၊ နေရောင်ရှိတုန်း ဓာတ်ပုံလဲ ရိုက်ချင်တယ်၊ ပြီးတော့ တစ်ထိုင် တစ်နာရီလောက်လဲ အလုပ်လုပ်ပြီး ပူဇော်ချင်တယ်' လို့ နှိုးဆော်လာပါတယ်။ ရွှေချက်သို တံခွန်တိုင် တည်ထားရာ မင်းကုန်းရွာဟာ နတ်တလူတောရရဲ့ အနောက်ဘက် တစ်မိုင်ကျော်လောက်သာ ဝေးပါတယ်။ ယာခင်းတွေကိုဖြတ်ပြီး လမ်းလျှောက်လာခဲ့ကြရာ ရွာအဝင်မှာပဲ ရွှေချက်သို တံခွန်တိုင်ကြီးကို ဟိန်းဟိန်းမားမား

www.dhammaransi.com



ဖူးတွေ့လိုက်ရပါတယ်။ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကို ပကတိ ဖူးတွေ့လိုက်ရသလို ချက်ချင်းအားပြည့်၊ အားရှိသွားခဲ့ရပါပြီ။ ဒီတံခွန်တိုင်ကြီးသည်ပင်လျှင် ဆရာတော်ဘုရားကြီးရဲ့ကိုယ်စားတော် စစ်စစ် မဟုတ်လား။ ဆရာတော်ဘုရားကြီး မရှိတော့သော်လည်း ရှိနေသည့်အတိုင်းသာပါတကား။ တံခွန်တိုင်ကို တာဝန်ယူ ဆောက်တည်ထားကြတဲ့ ရန်ကုန် လမ်း ၄၀ မြတ်မွန်မိတ္တူက ကိုခေတ်ကို၊ အင်ဂျင်နီယာ ကိုမင်းသူ၊ ပန်းရံဆရာကြီး ဦးမူတို့ ရှိနေဆဲ။ သူတို့က ဝမ်းပန်းတသာ ကြိုဆိုကြပြီး **'ဧည့်ယျမမ် ရွှေချက်သို တံခွန်တိုင်စေတီ'** နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ သိချင်သမျှကို အတော်ပြည့်စုံအောင် ရှင်းပြကြပါတယ်။ သူတို့ဆီက သိရသမျှ အချက်အလက်တွေကို ဒီလို မှတ်တမ်းတင်ခဲ့ရပါတယ်။

**နေရာ** ... ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မင်းကုန်းကျေးရွာ၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ ချက်မြှုပ်နေရာမှာ ဆောက်လုပ်ပါတယ်။

**ပန္နက်တင်မင်္ဂလာ** ... ၁၃၆၀ ပြည့်နှစ် တပေါင်းလဆန်း ၄ ရက်၊ (၁၈–၂–၉၉) ကြာသပတေးနေ့နံနက် ၈း၀၀ နာရီ။

**အုတ်မြစ်စီ မင်္ဂလာ** ...၁၃၆၀ ပြည့် တပေါင်းလဆန်း ၁၁ ရက်၊ (၂၅–၂–၉၉) ကြာသပတေးနေ့ နံနက် ၇း၀၀ နာရီ။

www.dhammaransi.com



**ဥာပနသင်္ဂြိုဟ်မင်္ဂလာ** ...၁၃၆၁ ခုနှစ် တန်ခူးလဆန်း ၈ ရက်၊ (၂၄-၃-၉၉) ဗုဒ္ဓဟူးနေ့၊ နေ့လယ် ၁း၀၀ နာရီ။

**အထက်ဥာပနသင်္ဂြိုဟ်မင်္ဂလာ** ...၁၃၆၁ ခု ကဆုန်လဆန်း ၅ ရက်(၁၉-၄-၉၉) တနင်္လာနေ့၊ နံနက် ၁၁း၀၀ နာရီ။

**ထီးတော်တင်မင်္ဂလာ** ...၁၃၆၁ ခု ကဆုန်လဆန်း ၁၄ ရက် (၂၈-၄-၉၉) ဗုဒ္ဓဟူးနေ့၊ နေ့လယ် ၁း၀၀ နာရီ။

**အနေကဇာတင်မင်္ဂလာ**...၁၃၆၁ ခု ကဆုန် လပြည့်နေ့ (၂၉-၄-၉၉) ကြာသပတေးနေ့၊ နံနက် ၄း၀၀ နာရီ။

ထိုနေ့ ထိုအချိန်များတွင် မင်္ဂလာအခမ်းအနားသဘင်ကို အောင်အောင်မြင်မြင် ဆင်ယင်ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီမင်္ဂလာနေ့ရက်များမှာ ပင့်သံဃာများကို ဆွမ်း ဆက်ကပ်၍ ရောက်လာသမျှ ဝေနေယျပရိသတ်တို့အား ဒါနပြု ကျွေးမွေးဧည့်ခံနိုင်ခဲ့ပါတယ်။

## ဉာဏ်ရွှေချက်သို တံခွန်တိုင်၏ထိပ်ထက်မှာ တည်ထားသောစေတီဘုရား၌ ဌာပနာသွင်း ပူဇော်ခဲ့သောဓာတ်တော်ဆံတော်များ

၁။ မြတ်စွာဘုရား၏ အသွေးတော်မှဖြစ်သော ဓာတ်တော်များ

၂။ ရှင်သာရိပုတ္တရာဓာတ်တော်

၃။ ရှင်မဟာမောဂ္ဂလာန်ဓာတ်တော်

၄။ ရှင်သီဝလိ ဓာတ်တော်

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



၅။ သပိတ်အိုင်ဆရာတော်ဘုရားကြီး၏ ဆံတော်
၆။ ဝေဘူဆရာတော်ဘုရားကြီး၏ ဆံတော်
၇။ အဘ ဦးဝိမလ ဆရာတော်ဘုရား၏ ဆံတော်
၈။ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥာဏ်ဒေဝယျ မမ္မသာမိ ထေရ်၏ ဆံတော် များ ဖြစ်ပါတယ်။

ဥယျာမ်ရွှေချက်သို တံခွန်တိုင် စေတီကြီးမှာ ဆရာတော်ဘုရားကြီးရဲ့ ပရိက္ခရာ ရှစ်ပါးနဲ့ အသုံးအဆောင်ပစ္စည်းများကိုလည်း ဒီလိုဌာပနာခဲ့တယ်လို့ သိရပါတယ်။

၁။ သပိတ်တော် ... အင်္ဂါထောင့်
၂။ သင်းပိုင် ... ဗုဒ္ဓဟူးထောင့်
၃။ ဧကသီ ... စနေထောင့်
၄။ နှစ်ထပ်သင်္ကန်းကြီး ... ကြာသပတေးထောင့်
၅။ ခါးပန်းကြိုး ... ရာဟုထောင့်
၆။ ခေါင်းရိတ်ဓား ... သောကြာထောင့်
၇။ အပ်နှင့် အပ်ချည် ... တနင်္ဂနွေထောင့်
၈။ ရေစစ် ... တနင်္လာထောင့်
၉။ မျက်နှာသုတ်ပဝါ လက်ကိုင်ပဝါ လက်သုတ် နပ်သုတ် နေရာထိုင်
၁၀။ ကွမ်းအစ်
၁၁။ မီးခြစ်နှင့် လက်သည်းညှပ် အကြီး အသေး
၁၂။ ကျောက်စိမ်းပုတီး နှစ်ကုံး

## သုဝဏ္ဏသျှမ်စာစဥ်

www.dhammaransi.com



၁၃။ ယာဂုပန်းကန် ရေနွေးပန်းကန် အချိုပန်းကန်ပြား
စတီးသောက်ရေခွက်

၁၄။ ဂျူတ်ဘူးနှင့် ကျမ်းစာအုပ်များ ပြုစုခဲ့သော ဘောပင်များ

## ဌာပနာသွင်း ပူဇော်ခဲ့သော
## ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်များ

၁။ ပဋိဘာနဉာဏ ဒဿနကထာ (ပထမတွဲ၊ ဒုတိယတွဲ)

၂။ ဓမ္မောဝါဒကထာ

၃။ နယသင်္ခေပ ကထာ

၄။ ပဋိပက္ခဥဒ္ဒေသက ကထာ

၅။ အနုပုဗ္ဗိက ကထာ

၆။ ပါရမီ ပရိစယ ကထာ

၇။ ဓမ္မောဝါဒ ကထာ (မူသစ်)

၈။ မင်္ဂုံပပွေါဒ္ဒေသိကထာ

၉။ မင်္ဂလာ ဓာရဏာ ကထာ

၁၀။ ဝဋ္ဋစ္ဆေဒက ပဋိစ္စသမုပ္ပါဒ ကထာ

၁၁။ မဂ္ဂ ပဋိသံယုတ္တကထာ

၁၂။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တစ်နေ့တာပြုကျင့်ရပုံများ

၁၃။ ပမာဒါပမာဒ ဒွေ ဘာဂီယကထာ

၁၄။ ဓာတုယာန ဝိပဿနာကထာ

၁၅။ သမ္ပဇညာကာရကထာ

၁၆။ ဉာဏ ဒဿန ကထာ

သုဝဏ္ဏာ သျှမ်စာစဉ်

www.dhammaransi.com



၁၇။ သာရနိယကထာ
၁၈။ ကဝိဗန္ဓနကထာ (၁)
၁၉။ ကဝိဗန္ဓနကထာ (၃)
၂၀။ ဩဝါဒကထာ
၂၁။ အဆုံးအမဩဝါဒများ
၂၂။ ကဗျာ့ဘဏ်တိုက်

ဒါကြောင့်...

ရွှေချက်သို တံခွန်တိုင် စေတီကြီးဟာ ဆရာတော်ဘုရားကြီးရဲ့ 'ဓမ္မစေတီ' အဖြစ်လည်း ကြည်ညိုပူဇော်ခွင့် ရခဲ့ကြပါပြီ။ ဒီတံခွန်တိုင် စေတီကြီး ဖြစ်မြောက်အောင် ပုံထုတ်အင်ဂျင်နီယာ ဦးထွန်းအောင်ကျော်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းသူ၊ အထွေထွေ တာဝန်ခံ ဦးခေတ်ကို၊ ပန်းရံဆရာကြီး ဦးမူနှင့်အဖွဲ့၊ လက်သမားဆရာ ဦးပိုင်နှင့်အဖွဲ့၊ သံချည်သံကွေး ဦးမြင့်ငွေနှင့်အဖွဲ့၊ မင်းကုန်းကျေးရွာမှ လုပ်အားရှင်၊ အလှူရှင်များအားလုံး၊ ကုသိုလ်ပါဝင်ကြတဲ့ အနယ်နယ်အရပ်ရပ်မှ ဆရာတော်ဘုရားကြီးရဲ့ ဝေနေယျများအားလုံး အားလုံးတို့ရဲ့ကျေးဇူးတရားကိုလည်း မမေ့မလျော့မှတ်တမ်းတင်လိုက်ရပါပြီ။ ပြီးတော့ မင်းကုန်းရွာ မဟာတောရဆရာတော် ဦးမာနိတ၊ နတ်တလူတောရနာယက ဆရာတော်ဦးတိဿ (ကျိုကျင်းရွာ) နဲ့ နတ်တလူသာသနာပြုအသင်းကြီးရဲ့ ဂေါပကများ၊ အကျိုးဆောင် လူကြီးမင်းများ၊ မင်းကုန်းရွာမှ တာဝန်ရှိရွာလူကြီးများအားလုံး၏ စေတနာ သဒ္ဓါတရားများမှာလည်း ဤတံခွန်တိုင်ကြီးနဲ့အတူ ထင်ရှားပေါ်လွင်ခဲ့ပါပြီ။

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



မေလရဲ့ ဝင်လုဆဲ နေရောင်က ဥယျာဉ်မြစ် ရွှေချက်သို တံခွန်တိုင်စေတီကြီးကို အစွမ်းကုန် ထွန်းလင်းပူဇော်နေသလို ရှိပါတယ်။ ကျွန်တော်တို့လည်း တံခွန်တိုင်ကြီးရဲ့ ထောင့်ကြီး ရှစ်ထောင့်မှ အလင်းတိုင်အမွှေးတိုင်များဖြင့် ပူဇော်လိုက်ကြပါတော့တယ်။ ပြီးတော့ တစ်နာရီတိတိ ထိုင်ကမ္မဋ္ဌာန်းအားဖြင့်လည်း ပူဇော်အထူးပြုလိုက်ကြပါတော့တယ်။ ဒီနည်းအားဖြင့်သာလျှင် ဆရာတော်ဘုရားကြီးရဲ့ ထံတော်ပါးအရောက်သွား အနေနီးခဲ့ရပြီလို့ ခံစားနားလည်လိုက်ရပါချေပြီ။

တံခွန်တိုင်ကြီးကို မော်ဖူးလိုက်တော့ မိုးယံဝဆီ ထိုးထွက် ဦးတည်နေလျက်က 'ဒီလိုကျင့်ရင် ဒီလိုဖြစ်တယ်' ဆိုတဲ့တရား ဟောကြားနေသကဲ့သို့ပါလေ။ ပါရမီတော် ၁၀ ပါး အပြားသုံးဆယ်ကို ရည်ညွှန်းသောအားဖြင့် တံခွန်တိုင်ကြီးရဲ့ အမြင့်ဟာလည်း အတောင် သုံးဆယ် ရှိတယ်လို့ သိခဲ့ရပါတယ်။ ဒီတံခွန်တိုင်ကြီးရဲ့အနီးမှာ အုတ်ရေချမ်းစင်ကလည်း အဆင်သင့်၊ ခမ္မာရုံကြီးလည်း တင့်တင့်တယ်တယ် ပေါ်လာဦးမည်၊ လေးဖက်လေးတန်မှာ အုတ်တံတိုင်းများလည်း အပြီးသတ် တည်ဆောက်လျက်။

ဥယျာဉ်မြစ် ရွှေချက်သို တံခွန်တိုင်စေတီကြီးကို အားပါးတရ ဖူးမြော်ပြီးကာ နတ်တလူတောရသို့ အပြန်လမ်းမှာ ဆရာတော်ဘုရားကြီးရဲ့ တရားသံတွေက ကျွန်တော်တို့ ဘယ်လို လမ်းဆက်လျှောက်ရမယ် ဆိုတာ ညွှန်ပြနေသလို ရှိပါတော့တယ်။

***နောက်ဆက်တွဲ။*** ။ *၂၉-၄-၉၉ ကဆုန်လပြည့်နေ့က ဥယျာဉ်မြစ် ရွှေချက်သို တံခွန်တိုင်စေတီအောင်ပွဲမှာ မိန့်ကြားတဲ့ ဆရာတော်*

www.dhammaransi.com



*ဘုရားကြီးရဲ့ အနုမောဒနာ တရားတော်ကို တစ်ဆက်တည်း ဖော်ပြပေးလိုက်ပါတယ်။*

[၁၉၉၉ စက်တင်ဘာလ၊ ဂမ္ဘီရမဂ္ဂဇင်း]

www.dhammaransi.com

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့

# တိဟိတ်စေတနာနှင့် တိဟိတ်ပုဂ္ဂိုလ်

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဘာလုပ်လုပ် သီလယူပြီးမှ အလုပ်လုပ်စေပါတယ်။ ယုတ်စွအဆုံး ဆရာတော်ဘုရားကြီးကို ကန်တော့ပြီး ကိုယ့်အိမ်ရာ ကိုယ်ပြန်တာက အစ သီလယူပြီးမှ ပြန်စေလေ့ရှိပါတယ်။ ဆရာတော်ဘုရားကြီးက အေးမြတဲ့ အပြုံးနဲ့...

'သိက္ခာ ဗလာကျင်းပြီး ပြန်မှာလား'

'သိက္ခာတင်ပြီး သိက္ခာရှင်အဖြစ်နဲ့ ပြန်မှာလား' လို့ သုဝဏ္ဏသျှမ်းတောင်မှာတုန်းက မေးဖူးတာ ခုထိ သတိရနေပါတယ်။

ကာမဘုံသားတို့အနေနဲ့ ကာမသီလလို့ ခေါ်တဲ့ 'ငါးပါးသီလ' လောက်ကိုတော့ အခြေခံ ကျင့်ဝတ်စည်းမျဉ်းအဖြစ်နဲ့ လိုက်နာ စောင့်ထိန်းအပ်တယ်လို့ ဆိုပါတယ်။ ဒါမှ အကျိုးပေး ခံစားတဲ့ နေရာမှာ

www.dhammaransi.com



ဖြောင့်ဖြောင့်တန်းတန်း အနှောင့်အယှက်မရှိ ခံစားရလိမ့်မယ်လို့လည်း လမ်းညွှန်တော်မူပါတယ်။ ဗြဟ္မာ့သီလလို့ ခေါ်တဲ့ 'ရှစ်ပါးသီလ' ကျတော့လည်း ဗြဟ္မာတို့သာ စောင့်ထိန်းလေ့ရှိတာ၊ 'အရိယာသီလ' မဖြစ်သေးပါဘူးတဲ့။ အရိယာသီလလို့ ဂုဏ်ပြုအပ်တဲ့ 'ဆယ်ပါးသီလ' သာလျှင် အမြင့်ဆုံးအမြတ်ဆုံးဖြစ်တယ်လို့လည်း ဆိုပါတယ်။ ပါရမီဆယ်ပါး ဖြည့်ကျင့်ခွင့်ရတဲ့ လူ့ဘဝမှာ ဆယ်ပါးသီလ ခံယူဆောက်တည်ပြီး အလုပ်လုပ်နိုင်မယ်ဆိုရင် အတိုင်းထက်အလွန်မွန်မြတ်ပါတယ်တဲ့။

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်မှာရှိတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဇာတိချက်ကြွေ မင်းကုန်းရွာမှာ 'ရွှေချက်သို တံခွန်တိုင်စေတီတော်ကြီး' ပြီးစီးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အနုမောဒနာတရားတော်ကို ၁၃၆၁ ခု၊ ကဆုန်လပြည့် (၂၉-၄-၉၉) နေ့မှာ ချီးမြှင့်တော်မူစဉ်ကလည်း တပည့်ဒကာတို့ကို ဆယ်ပါးသီလ ဆောက်တည်စေခဲ့ပါတယ်။ ပြီးတော့မှ အလှူဒါန ပြုရာမှာ ထားရှိအပ် မွေးမြူအပ်တဲ့ စင်ကြယ်တဲ့ စိတ်နေစိတ်ထား တည်ဆောက်ရေးကို ဦးစားပေး ဟောကြားတော်မူပါတယ်။

'ဒီနေ့ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ဒီနေရာ ဒီဌာနမှာသာမက ဗုဒ္ဓဘာသာ ပွင့်ထွန်းရာ ကမ္ဘာ့နေရာ အနှံ့အပြားမှာ အလှူဒါနတွေ ပေးဝေ ကျင်းပနေပါလိမ့်မယ်။ ဒီနေရာ တစ်ဌာနတည်းမှာပဲ တံခွန်တိုင်အလှူ၊ ဘုရားထီးအလှူ၊ မြေအလှူ၊ ရေချမ်းစင်အလှူ၊ ဆွမ်းအလှူ၊ ဝေယျာဝစ္စ လုပ်အားအလှူစသည်ဖြင့် အလှူချင်း ထပ်နေပါတယ်။ ဘယ်အလှူတွေ ဘယ်လောက်ပဲ လှူနေ လှူနေ တိဟိတ်စိတ် မဟုတ်

www.dhammaransi.com



ခဲ့ရင် အခက်အခဲကြီး လေးခုကို ကျော်လွှားပြီးမှ အလှူတစ်လှူ အထမြောက်ပါလိမ့်မယ်။

လှူတယ်ဆိုတာ ကိုယ့်ပစ္စည်းကိုယ် စွန့်လွှတ်ရတာ၊ ကိုယ့်ပစ္စည်းဆိုတာတွေက လိုချင်လို့ ရှာထားတာလား၊ မလိုချင်လို့ ရှာထားတာလား။

'လိုချင်လို့ ရှာထားတာပါဘုရား'

ငွေပဲဖြစ်ဖြစ်၊ ထာဝရဝတ္ထုလို့ ခေါ်တဲ့ မြေပဲဖြစ်ဖြစ်၊ အုတ် သဲကျောက်ပဲ ဖြစ်ဖြစ် ဘယ်ပစ္စည်းမျိုးမဆို လိုချင်လို့ လက်ရသိမ်းပိုက်ထားတာ၊ ဒီလိုလက်ရသိမ်းပိုက်ချိန်မှာ လိုချင်တဲ့တဏှာမပါဘူးလား။ ရလာတဲ့ပစ္စည်းလေးအပေါ် အထင်ကြီးမှု၊ မြတ်နိုးမှုဆိုတဲ့ မာနရောမပါဘူးလား။ ငါပိုင်ဆိုတဲ့ ဒိဋ္ဌိရောမပါဘူးလား။

'ပါပါတယ်ဘုရား'

အေး…တဏှာ မာန ဒိဋ္ဌိနဲ့ ရှာထားတာတွေချည်းပဲ။ ငွေတစ်ကျပ်က စပြီး တစ်ရာ၊ တစ်ထောင်၊ တစ်သိန်း…တဏှာ၊ မာန၊ ဒိဋ္ဌိ ဒီသုံးခုနဲ့ ပတ်ဖွဲ့ထားတာ၊ အဲဒီလောက်ထိ ရစ်ပတ်တုပ်နှောင်ထားတဲ့ ဒီငွေ သို့မဟုတ် ဒီပစ္စည်းတွေကို လှူမယ်၊ စွန့်လွှတ်မယ်လို့ စိတ်ကူးကြံစည်ရတာ တော်တော်ခက်ပါတယ်။ တစ်ဦးတည်းသော သားကလေးကို စတေးလိုက်ရတာထက်တောင် ပိုခက်ပါတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီပစ္စည်း ဝတ္ထုငွေကြေးတွေကို ရစ်ပတ်တုပ်နှောင်ထားပုံက အင်မတန် ခိုင်မြဲတယ်။ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ သုံးလွန်းတင်ကြိုးကြီးနဲ့ တွဲထား စွဲထားတာ။

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



ဒီသုံးမျိုး တဏှာ၊ မာန၊ ဒိဋ္ဌိက ကိုယ့်လက်ထဲ ရောက်လာမှ ဖြစ်လာတယ် မဟုတ်ဘူး။ ဒီငွေ ဝတ္ထုပစ္စည်းတွေ ရှာဖွေစဉ်ကတည်းက ရအောင် ကြိုးစားစဉ်ကတည်းက ဒီသုံးခုနဲ့ ရှာခဲ့ရတာ၊ ရလာတော့လည်း ဒီသုံးခုနဲ့ပဲ တွဲထားတာ။ ဒီလို တဏှာ မာန ဒိဋ္ဌိနဲ့ တွဲထား၊ တွယ်ထား၊ ရစ်ပတ်ထားတာ တစ်ကျပ် နှစ်ကျပ်၊ တစ်ခု နှစ်ခု၊ တစ်နေ့ တစ်ည မကတော့ပါဘူး။ အကြိမ်ပေါင်း မရေတွက်နိုင်အောင် အထပ်ထပ် ရစ်ပတ်ထားခဲ့ပါပြီ။ ဒါကြောင့် ဒီလောက်ရစ်ပတ်ထားတာကို ဖြေလျှော့ပြီး ပေးမယ် လှူမယ်လို့ စိတ်ကူးရတာ တော်တော်ခဲယဉ်းပါတယ်။ ဒါ့ကြောင့် ဒါကို 'အခက်တစ်ခက်' လို့ မှတ်လိုက်ပါ။ ဒီလို လှူမယ်လို့ စိတ်နဲ့ ကြံစည်နေတာကို ထုတ်ပြောဆို ကြေညာဖို့ ဆိုတာလည်း 'အခက်တစ်ခက်' ပဲ၊ ပြောပြီးမှ ပျက်ပြန်ရင်လည်း အခက်တစ်ခု ကြုံမယ်၊ စိတ်ကူးရင်းက စေတနာဆုတ်သွားတာ လူမသိပေမယ့် ပြောပြီးမှ ပျက်သွားတာကတော့ လူသိရှင်ကြား ဖြစ်သွားပြီ။ အဲဒီလို ပါးစပ်ပြောကနေ တကယ် ကိုယ်ထိလက်ရောက် လှူရတော့မယ်ဆိုတော့လည်း ငါ့ပစ္စည်း၊ ငါပိုင်တယ်ဆိုတာတွေ စွန့်လွှတ်ပေးကမ်းပစ်ရမှာ တော်တော်ခက်ပါတယ်။ ဒါကြောင့် အလှူတစ်ခုမှာ မနောကံက စပြီး ဝစီကံ နှုတ်ဖွင့်၊ ကာယကံ လက်ရောက်တဲ့အထိ တွန့်ဆုတ်မှု မရှိဘဲ ဖြစ်မြောက်ဖို့ဆိုတာ ကံသုံးပါး အခက်သုံးခက် ရှိပါတယ်။

. ကောင်းပြီ၊ နောက်ဆုံး အခက်အခဲကြီး တစ်ခုကတော့ ဒီလို လှူပြီးချိန်မှာ ကုသိုလ်ရဖို့ တော်တော်ခဲယဉ်းတယ်ဆိုတာပါပဲ။ ဘယ်နေရာ ဘယ်အချိန်မှာ ဘယ်သူ့ကို ဘယ်လိုလှူခဲ့ပါတယ်ဆိုပြီး ပြန်

www.dhammaransi.com



အောက်မေ့ချိန်မှာ ကုသိုလ်ရဖို့ အတော်ခဲ ယဉ်းပါတယ်။ အလှူအပေါ်မှာ မပြတ်ခဲ့ရင်လေ ဒါလေး လှူမယ့်အစား ဒီလိုလုပ်လိုက်ရရင် ဒီလောက်ထိ ပွားမယ်၊ ဘယ်သူ ဆွယ်လို့ လှူလိုက်ရပါတယ် ဆိုတဲ့ နောင်တမျိုး ရမိရင် သွားပြီ၊ ကုသိုလ်မရ အကုသိုလ်ပဲ ရတော့မယ်။

တဏှာကို သတ်ပြီး လှူပါတယ်ဆိုမှ ငါလှူတဲ့ တံခွန်တိုင်၊ ငါလှူတဲ့ ထီးဆိုပြီး အရိပ်တကြည့်ကြည့် လုပ်နေရင်ကော တဏှာကို ပြန်မွေးရာ မရောက်ဘူးလား။

'ရောက်ပါတယ်ဘုရား'

ဒီအလှူက ခါတ်ပုံတွေ ထုတ်ထုတ်ပြ၊ ဒါ ငါလှူတဲ့ တံခွန်တိုင် ပေါ့လို့များ ကြွားမိရင် မာနနဲ့ ဒိဋ္ဌိလည်း ဝင်လာပြီနော်။ သူတို့ကို (တဏှာ၊ မာန၊ ဒိဋ္ဌိ) ကြောက်လို့ စွန့်ခါမှ သူတို့ ပြန်ဝင်လာမယ်နော်။ တကယ်လို့များ ဆိုကြပါစို့၊ ကိုယ့်အိမ်ကိုယ်ပြန်ရောက်လို့ မချိမဆန့် ဝေဒနာ ခံစားရဆိုပါစို့ဗျာ၊ သေခါနီးလို့ပဲ ပြောကြပါစို့။ အဲဒီမှာ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ပြုစုနေတဲ့သူက 'တံခွန်တိုင်လှူခဲ့တာ၊ တံခွန်တိုင် အာရုံပြု တံခွန်တိုင် အာရုံပြု' နဲ့များ ပြောနေရင်းက သေသွားတယ်ဆိုရင် ဘယ်ရောက်မယ်ထင်သလဲဗျ။

အလှူရဲ့ အကျိုးကြောင့် နတ်ပြည်ရောက်မယ် ထင်သလား။

တံခွန်တိုင် အစွဲကြောင့် တံခွန်တိုင်နားမှာ ရစ်ဝဲရစ်ဝဲ လုပ်နေတဲ့ ပြိတ္တာကြီးပဲ ဖြစ်မလား။

'ပြိတ္တာကြီးပဲ ဖြစ်မှာပါဘုရား'

အဲဒီတော့ အလှူဆိုတဲ့ ကုသိုလ်လုပ်ပြီး ကုသိုလ်အကျိုး ခံစားရ

www.dhammaransi.com



ဖို့ တော်တော်ခက်ပါတယ်။ ဒါကြောင့် အလှူလုပ်တယ်ဆိုတာ ရိုးရိုးပြေးရတာ မဟုတ်ဘူး၊ တန်းကျော် ပြေးရတာမျိုး၊ တန်းလွတ်အောင် ကျော်နိုင်မှ၊ တန်းမလွတ်ရင် မကျော်နိုင်ဘဲ လဲကျမယ်။ ဒီတော့ လှူပြီး ကုသိုလ်ရအောင် အကြောင်းခံသုံးခုနဲ့ လှူကြပါ၊ အကြောင်းခံသုံးခု ဆိုတာ ဒီငွေ ဒီဝတ္ထုပစ္စည်းတွေကို...

လောဘသတ်ပြီး လှူလိုက်တာ၊ အလောဘ။

ဒါနပြုတယ်ဆိုတာ စွန့်လွှတ်တာ ရယူတာ မဟုတ်ဘူး။ အလှူလုပ်ပြီး လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို လိုချင်တောင့်တနေရင် အဲဒါ တဏှာပဲ၊ လောဘပဲ။ ဒီစည်းစိမ်တွေ တောင်းလို့ရစကောင်းတာတွေ မဟုတ်ပါဘူး။ စေတနာထက်ရင် ထက်သလောက် အကျိုးပေးသွားမှာပါ။

ပြီးတော့ ဒေါသသတ်ပြီး လှူလိုက်တာ၊ အဒေါသ။

မလှူခင်၊ လှူနေတုန်း၊ လှူပြီးအချိန်မှာ 'စိတ်နှလုံး ညစ်နွမ်းမှု' ဆိုတဲ့ ဒေါသ မရှိစေရဘူး။ ငါ့အလှူ အဆင်မှ ပြေပါ့မလား ဆိုတဲ့ 'သောက'လည်း မရှိစေရပါဘူး။ ဓာတ်လုံးထိုးတဲ့အခါ သွပ်၊ သံ၊ ပြဒါးတွေ သေအောင်ထိုးနိုင်ရင် ဓာတ်လုံးဖြစ်သလို ဒီလောဘ ဒေါသတွေ သေအောင် လုပ်နိုင်ပါမှ 'ဓမ္မဓာတ်သား' ဖြစ်မယ်နော်။

ပြီးတော့ မောဟကို သတ်ပြီး လှူရမှာ၊ အမောဟ။

မလှူခင်၊ လှူနေတုန်း၊ လှူပြီး နောက်ပိုင်းအချိန်တွေမှာ သတိဆိုတဲ့ ရှုမှတ်မှုကလေး ရှိနေပါမှ မောဟကို သတ်ရာရောက်တယ်။

ဒီလိုဆို စေတနာအကျိုးပေး ခံစားတဲ့နေရာမှာ လိုချင်စိတ် မရှိ

www.dhammaransi.com



ဘဲနဲ့ အလိုလို မရနိုင်ဘူးလား။ ကြက်ယက်သလို ယက်ရှာဖို့ လိုသေးလား။ အလောဘအကြောင်း ခံပြီး လှူခဲ့မှသာ မတောင့်တ မကြောင့်ကြဘဲ အကျိုးပေးခံစားရမယ်။ ပြီးတော့ ဒီလိုစည်းစိမ်ဥစ္စာ ရှာဖွေရာမှာ ဒီငွေ ဒီပစ္စည်း ကိုယ့်လက်ထဲ မရောက်သေးမီဖြစ်စေ၊ ရထိုက်ပါလျက် မရရင် ဖြစ်စေ ဒေါသဖြစ်ရာ မကြုံချင်ရင် လှူတဲ့နေရာမှာ 'အဒေါသ' နဲ့ လှူကြပါ။

ပြီးတော့ စိတ်သည် တောင်စဉ်ရေမရ ပျံ့လွင့်နေတာ၊ ဒါလည်း မောဟပဲ။ ကိစ္စတစ်ခုကို ချီတုံချတုံ လေနေတာလည်း မောဟပဲ။ ဒီမောဟကို နိုင်တာ သတိပါမှ နိုင်တာ၊ ဒီသတိနဲ့ အမောဟဖြစ်အောင် လုပ်ခဲ့ရမယ်။ ဒီလိုလုပ်ခဲ့မှ ဒီကုသိုလ်က ခံစားတဲ့နေရာကျရင် ဘယ်ကိစ္စမျိုးမဆို ယတိပြတ် ဆုံးဖြတ်နိုင်တယ်။ အစက အဆုံးထိ ခရီးရောက်နိုင်တယ်။ ဒါ အမောဟ အကြောင်းခံ။ ဒီလို အကြောင်းခံ သုံးပါး၊ အလောဘ၊ အဒေါသ၊ အမောဟ ညီညွတ်ပါမှ ကြံစည်ပြောဆို လုပ်ကိုင်ရာမှာ ချောမောအောင်မြင်တယ်။ လုပ်ပြီးသမျှ ပြန်စဉ်းစား အောက်မေ့လိုက်ရင်လည်းပဲ နောင်တရစရာ မရှိတော့ဘူး။ အခက်အခဲကြီးလေးခု အောင်ပြီ၊ တန်းကျော်ပြေးပွဲအောင်ပြီလို့ ဆိုရမယ်။

ဒီလို အကြောင်းခံသုံးမျိုးနဲ့ လုပ်တာကို တိဟိတ်စေတနာလို့ ခေါ်ပါတယ်။ တိဟိတ်စေတနာနဲ့ လုပ်ခဲ့လို့ နတ်ဘဝရောက်ရောက်၊ လူ့ဘဝရောက်ရောက် အကျိုးပေးခံစားတဲ့ နေရာမှာတော့ သူဟာ တိဟိတ်ပုဂ္ဂိုလ်ပဲ ဖြစ်နေလိမ့်မယ်။ အကြောင်းခံသုံးခုနဲ့ အကျိုးခံစားသူလို့ ဆိုရမှာပါဗျ။ သူသည် သူ့စေတနာ အကျိုးခံစားရာမှာ မတောင့်မတ၊

www.dhammaransi.com



မကြောင့်မကြနဲ့ ပြည့်စုံသွားရမယ်။ ဒီလိုပုဂ္ဂိုလ်မျိုးမှာ အဝင်မှာ သနပ်ခါး လိမ်းလာလို့ကော ပြုံးပြဦးမလား၊ အထွက် အိုးမဲသုတ်သွားတော့ ကော မဲ့ပြပါဦးမလား။ အဲဒါ တိဟိတ်ကုသိုလ်ရှင်ရဲ့ စိတ်နေ စိတ်ထား၊ အကျိုးပေးသက်သက် ခံစားရမှာ။

တို့အလှူရှင်တွေမှာ များသောအားဖြင့်တော့ လှူချင်တာ လှူလိုက်ရပြီဆိုကတည်းက တွန့်တိုတာမရှိ၊ လောဘသတ်ပြီးသား၊ အလောဘ အကြောင်းခံ ပါနေတတ်ပါတယ်။ လှူချင်တာလှူလိုက်ရတဲ့ အတွက်လည်း ကြည်ကြည်သာသာ ရှိနေတဲ့အတွက် ဒေါသ မပါတဲ့အတွက် အဒေါသအကြောင်းခံလည်း တွေ့ရတတ်ပါတယ်။ သို့သော် လှူတဲ့နေရာမှာ သတိ မပါတဲ့အတွက်တော့ မောဟ သတ်ပြီးလှူနေတယ်၊ အမောဟနဲ့ လှူနေပါတယ်လို့တော့ မဆိုနိုင်ပါဘူးဗျာ။ အဲဒီလို သတိမပါသော အလှူရှင်မျိုးကို လောဘနဲ့ ဒေါသကိုသာ သတ်နိုင်တဲ့အတွက် ဒွိဟိတ်အလှူရှင်လို့ ဆိုရပါတယ်။

ဒွိဟိတ်ပုဂ္ဂိုလ်တို့မည်သည် ဘာလုပ်လုပ် ယတိပြတ် မဆုံးဖြတ်နိုင်ဘူး။ ဘယ်ကိစ္စ စဉ်းစားစဉ်းစား တည့်မတ်စွာ မထိုးထွင်းနိုင်ဘူး။ ဒီထက်ဆိုးတာက သတိလေးတစ်လုံး မပါတဲ့အတွက် ဒီကုသိုလ်က သာသနာတွင်းမှာလာပြီး အကျိုးခံစားခွင့်ရှိလို့ ဘုရားတစ်ဆူဆူ၊ ပစ္စေကဗုဒ္ဓါ သို့မဟုတ် ရဟန္တာ အရှင်သခင်ကြီးတွေရဲ့ ရှေ့မှာ ဖူးရလို့ဖြစ်စေ၊ တရားနာရလို့ဖြစ်စေ၊ တရားကျင့်ရာမှာ ဖြစ်စေ နိဗ္ဗာန်ဝင်ရေး နှောင့်နှေးတတ်ပါတယ်။ သတိတစ်လုံး မပါခဲ့တဲ့အတွက် နိဗ္ဗာန်ဝင်ခွင့်မရှိ ဖြစ်တတ်ပါတယ်။ သတိပါခဲ့သူသာလျှင် နိဗ္ဗာန်စံနိုင်ပါတယ်။ သတိ

www.dhammaransi.com



ရှိသူနဲ့ မရှိသူ လျှုတာချင်းအတူတူ ဘယ်လောက်ကွာသွားပြီလဲ။ သတိပါခဲ့သူများကျတော့ လောကီစည်းစိမ်ကိုလည်း အကြွင်းမဲ့ ခံစားခွင့် ရှိတယ်။ အကြွင်းမဲ့ဆိုရာမှာတောင် သန့်သန့်ပြန့်ပြန့် စင်စင်ကြယ်ကြယ် ဒီလိုခံစားရပါတယ်။ ဘာဖြစ်လို့လဲ၊ တိဟိတ်ပုဂ္ဂိုလ်မှာ စေတနာသန့်ခဲ့လို့၊ အကုသိုလ်ခြံရံခွင့် မပေးခဲ့လို့၊ ဒီလိုဆိုရင် သူသည် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ချမ်းသာသုံးမျိုးလုံး ခံစားခွင့်မရနိုင်ဘူးလား။

'ရနိုင်ပါတယ် ဘုရား'

ဒီလို ရချင်ရင် မောဟကို သတိနဲ့ သတ်ကြပါ၊ အခု တရားနာနေရင်းမှာကို ငေးနေ၊ ငိုင်နေ၊ ငိုက်နေတာတွေ၊ စိတ်တပိုတပါးသွားနေတာတွေဟာ မောဟသတ်နေတာလား၊ မောဟ မွေးနေတာလား။

'မွေးနေတာပါ ဘုရား'

မောဟ မွေးနေလို့ကတော့ အကျိုးပေးခံစားချိန်မှာလည်း သဲကျမုန့် ကောက်စားရသလို သဲတရှပ်ရှပ်ပဲ ရှိပါလိမ့်မယ်။

တို့ လူတွေကို မဆိုထားပါနဲ့၊ ဘုရားစင်စစ် ဧကန်ဖြစ်တာချင်းအတူတူသော်မှ အကျိုးပေးခြင်း ကွဲပါသေးတယ်ဆိုတာ သာဓကဆောင်ပြပါဦးမယ်။

အလောင်းတော်တို့မည်သည် ပစ္ဆိမဘဝိက နောက်ဆုံးဘဝမှ စွန့်ခြင်းကြီး ငါးပါး အကုန်စွန့်ရပါတယ်။ စွန့်ခြင်းကြီး ငါးပါးဆိုတာ

* တိုင်းပြည်နှင့်တကွ ထီးနန်းစည်းစိမ်ကို စွန့်ရပါတယ်။
* ရင်မှဖြစ်သော သားတော်သမီးတော်များကို စွန့်လွှတ်ရပါတယ်။

## သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



* ဇနီးမယားကိုလည်း စွန့်ရပါတယ်၊
* မျက်စိ၊ နား၊ နှာစတဲ့ ကိုယ်အင်္ဂါခြေလက်တို့ကိုလည်း စွန့်ရပါတယ်။
* နောက်ဆုံး မိမိအသက်ကိုပင် စွန့်လှူရပါတယ်။

အဲဒီတော့ မင်္ဂလ ဘုရားနဲ့ ဂေါတမ ဗုဒ္ဓဘုရားတို့ရဲ့ နောက်ဆုံးဘဝတွေက စွန့်ပုံစွန့်နည်းတွေကို ကြည့်ကြရအောင်...။

မင်္ဂလ အလောင်းတော်လက်ထက်တုန်းက အလှူခံပုဂ္ဂိုလ်က 'ခရလောမ' ဆိုတဲ့ ဘီလူး၊ သူက ပုဏ္ဏားယောင်ဆောင်ပြီး တောထဲလိုက်လာတယ်။ အလောင်းတော်ရဲ့သားနဲ့သမီးကို အလှူခံတယ်။ အလောင်းတော်ကလည်း လွတ်လွတ်စွန့်လိုက်တယ်။ စွန့်လိုက်ပြီဆိုမှတော့ သူ့သားသမီးတွေ မဟုတ်တော့ဘူးပေါ့။ ဘီလူးကလည်း အလှူခံလို့ ရလာပြီ ဆိုတော့ အလောင်းတော် မြင်သာလောက်တဲ့ နေရာရောက်မှ သစ်ပင်အောက်မှာ ထိုင်ပြီး သားကလေးရော သမီးကလေးကိုပါ ခြေတွေ လက်တွေ တစ်စစီ ဆွဲဖဲ့ပြီး တဂျွမ်းဂျွမ်း စားသောက်ပစ်တယ်တဲ့ဗျ။ သားနဲ့သမီးခမျာ သွေးသံရဲရဲက ကယ်ပါယူပါ တစာစာနဲ့ အော်ဟစ် ငိုယိုခေါ်ငင်နေပေမယ့် အလောင်းတော်ဟာ နည်းနည်းမှ မတုန်လှုပ်ခဲ့ဘူးတဲ့။ ဘီလူးကိုလည်း တစ်ချက်ကလေး ဒေါသမဖြစ်ခဲ့ဘူးတဲ့ဗျ။

သားရယ် သမီးရယ်ဆိုတဲ့အစွဲနဲ့ ကြည့်ရင် တဏှာလည်း မဖြစ်နိုင်ပေဘူးလား။ မာနလည်း မဖြစ်နိုင်ပေဘူးလား၊ ဒိဋ္ဌိလည်း မဖြစ်နိုင်ပေ

www.dhammaransi.com



ဘူးလား။ အလှူခံပုဂ္ဂိုလ်လုပ်နေပုံကိုကြည့်ရင်ကော ဒေါသမဖြစ်နိုင်ပေဘူးလား။

'ဖြစ်နိုင်ပါတယ်ဘုရား'

ဒါပေမဲ့ မင်္ဂလ အလောင်းတော်ဟာ တဏှာမာန ဒိဋ္ဌိလည်း မဖြစ်ခဲ့ဘူး၊ ဒေါသလည်း မဖြစ်ခဲ့ဘူး။ ဒါ့ကြောင့် သူဘုရားဖြစ်တော့ စကြဝဠာ တိုက်တစ်သောင်းဟာ နေ့လည်းမရှိ၊ ညလည်း မရှိတော့လောက်အောင် သူ့ရဲ့ ရောင်ခြည်တော်တွေနဲ့ ဖုံးလွှမ်းထားနိုင်ခဲ့ပါတယ်တဲ့။ အေး နေရင် ည၊ လသာနေတယ်၊ ပူနေရင် နေ့၊ နေထွက်နေတယ် ဒီလိုသာ သိမှတ်ခဲ့ရတယ်တဲ့။ အလောင်းတော်ဘဝက စေတနာတွေ စင်ကြယ်လွန်းလို့ ရောင်ခြည်တော်တွေ အလျှံပယ်ထွက်လာခဲ့တာ။

ဂေါတမ အလောင်းတော်ရဲ့ နောက်ဆုံးဘဝ ဝေဿန္တရာဘဝကျတော့ အလှူခံက ဇူဇကာပုဏ္ဏား၊ သားနဲ့ သမီး လာပြီး အလှူခံလို့ ထည့်လိုက်ရပေမယ့် သားနဲ့ သမီးကလည်း ဒီသူယုတ်မာနောက် မလိုက်ချင်ဘူး။ ဒါနဲ့ ရေကန်ထဲ ဆင်းပုန်းနေခဲ့သေးတယ် မဟုတ်လား။ လှူဖွယ်ပစ္စည်းလေးတွေက စပြီး တွန့်ဆုတ်နေပြီ။ ဇူဇကာပုဏ္ဏား ကိုတကယ်လှူလိုက်ရပြီဆိုတော့လည်း ဝေဿန္တရာမင်းကြီးခမျာ နှလုံးသွေး ပွက်ပြီး ပူလောင်နေရှာရပြီ။ ဒါနဲ့ ပုဏ္ဏားကို တားပြီး 'ခဏဆိုင်းပါဦး' လို့ တောင်းပန်ယူရသတဲ့။ ဒီတော့ သူ့သားနဲ့ သမီးကို စွန့်တော့ စွန့်တာပဲ၊ လွတ်လွတ်စွန့်တာမျိုး တော့ မဟုတ်သေးဘူးနော်။ ဒါကြောင့် ပုဏ္ဏားကို ထားပြီး ရင်အပူသက်သာအောင် ရေစက်ချတယ်၊ ရေစက်

www.dhammaransi.com



ချတယ်ဆိုတာ မိမိရဲ့ ကုသိုလ်ကောင်းမှုကို ဝသုန္ဓရေမြေစောင့်နတ်ကို တိုင်တည်သက်သေပြုတာက တစ်ကြောင်း၊ ဒီရေကလေး အေးသလို မိမိစိတ်ကလေး အေးပါစေ ကြည်ပါစေရန် အလို့ငှာကတစ်ကြောင်း၊ ဒီလို အကြောင်းတွေကြောင့် ရေစက်ချတယ်။ ရေစက်ချပြီး လှူပြီးချိန်မှာ ဇူဇကာပုဏ္ဏားက သား ဂဏှာနဲ့ သမီးဇာလီကို ခေါ်သွားတော့တာပေါ့။ ဒီလိုခေါ်သွားရာမှာလည်း ကလေးနှစ်ယောက်က မလိုက်ချင်တော့ ယက်ကန်ယက်ကန်နဲ့ ရုန်းရုန်းကန်ကန်ဆိုတော့ ပုဏ္ဏားက စိတ်မရှည်တော့ဘူး။ သစ်ကိုင်းတစ်ခုချိုးပြီး အဲဒီသစ်ကိုင်းနဲ့ ကလေးတွေကို ရိုက်ပါလေရောဗျာ။ ဒီလိုရိုက်တာကို ဝေဿန္တရာမင်းကြီး မြင်ရာလေတော့ 'တယ် ဒီအမျိုးယုတ် ပုဏ္ဏားငါ့သားတော်နဲ့ သမီးတော်ကို ရိုက်ရမလား' ဆိုပြီး သန်လျက်ကို ဆွဲထုတ်မိသေးသတဲ့ဗျ။ ပြီးတော့မှ ချက်ချင်းသတိဝင်ပြီး ဩော်...ငါဘုရားဆုပန်ပြီး လှူထားရတာပဲ၊ သူကြိုက်သလို လုပ်ပေ့စေလို့ နှလုံးသွင်းပြီး ကမ္မဋ္ဌာန်းအာရုံနဲ့ နေရရှာသတဲ့။

အဲဒီတော့ ဝေဿန္တရာမင်းကြီးရဲ့ စေတနာမှာ နည်းနည်းလေးတော့ အထစ်အငေါ့ ရှိသွားပြီ ထင်တယ်နော်။ သန်လျက်ကို ဆွဲထုတ်လိုက်မိတဲ့ ဒေါသအရိပ်အငွေ့လေးလည်း ပါသွားပြီ ထင်တယ်နော်။ အဲဒါကြောင့် ဘုရားဖြစ်လာတော့ ရောင်ခြည်တော်ကွန့်မြူးပုံဟာ တချို့စာတွေထဲမှာ တစ်လံ၊ တချို့စာတွေက အတောင်ရှစ်ဆယ် ဝန်းကျင်ပေါ်ထွက်တော်မူတယ်လို့ ဆိုပါတယ်။ (ဘုရားရှင်တို့ တန်ခိုးတော်၊ ဘုန်းတော်ကြောင့် အလိုတော် ရှိရင် ရှိသလောက်တော့ ရောင်ခြည်

www.dhammaransi.com



တော် ကွန့်မြူးနိုင်တာပလေ) အလိုအလျောက် ပကတိ ဖူးမြော်ခွင့် ရတာကတော့ အတောင်ရှစ်ဆယ် ဝန်းကျင်တဲ့။

မင်္ဂလ ဘုရားရှင်ရဲ့ ရောင်ခြည်တော်ကတော့ စကြဝဠာ တိုက်တစ်သောင်း ကွန့်မြူးတယ် ဆိုထားပါတယ်။ အဲဒီတော့ ဘုရားရှင်များ သော်မှ ပါရမီဖြည့်ခဲ့ပုံချင်း မတူသလို အကျိုးပေးပုံချင်းလည်း မတူပါဘူး။

ဒီခေတ် ဒီလူတွေဆိုရင်တော့ ဆိုဖွယ်ရာ မရှိတော့ပါဘူး။

အဒေါ်သနဲ့ လှူတာ ဟုတ်မဟုတ် သိရအောင် ဒီတံခွန်တိုင်ကြီး ရွှံ့နဲ့ ပက်၊ ဖျက်လိုဖျက်ဆီး လုပ်မယ်ဆိုခဲ့ရင် တို့အလှူရှင်တွေ ဘယ်လို တုံ့ပြန်မှာလဲဗျ။ အဲဒီတော့ ဒီကနေ့ကစပြီး ပြုသမျှ ဒါနကုသိုလ်တွေကို တိဟိတ်စေတနာနဲ့ ပြုကြမလား၊ ဒွိဟိတ်စေတနာနဲ့ ပြုကြမလားဗျ။

'တိဟိတ်စေတနာနဲ့ ပြုကြပါမယ် ဘုရား'

[**အညွှန်း။** ။ ၁၃၆၁ ကဆုန်လပြည့်(၂၉-၄-၉၉) ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မင်းကုန်းရွာ၊ ဥယျာဉ်မြေ ရွှေချက်သို တံခွန်တိုင်စေတီ အနုမောဒနာတရား]

[၁၉၉၉ စက်တင်ဘာလ၊ ဂမ္ဘီရမဂ္ဂဇင်း]

# သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့
ညောင်ယျမ်း ရွှေချက်သို တံခွန်တိုင်စေတီ

# ဘုရားအနေကဇာတင်မှု

အပြည့်အစုံ (ပါဠိ)

● အနေကဇာတိ သံသာရံ
သန္ဓာဝိဿံ အနိဗ္ဗိသံ
ဂဟကာရ ဂဝေသန္တော
ဒုက္ခာဇာတိ ပုနပ္ပုနံ၊
ဂဟ ကာရက ဒိဋ္ဌောသိ
ပုနဂေဟံ နကာဟသိ
သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ
ဂဟ ကူဋံ ဝိသင်္ခတံ
ဝိသင်္ခါရ ဂတံစိတ္တံ
တဏှာနံ ခယမဇ္ဈဂါ။ (သုံးကြိမ်)

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



- ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယတော ဗြာဟ္မဏဿ
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ
ယတော ပဇာနာတိ သဟေတုဓမ္မံ။

- အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ
သင်္ခါရပစ္စယာ ဝိညာဏံ
ဝိညာဏ ပစ္စယာ နာမရူပံ
နာမရူပ ပစ္စယာ သဠာယတနံ
သဠာယတန ပစ္စယာ ဖဿော
ဖဿ ပစ္စယာ ဝေဒနာ
ဝေဒနာ ပစ္စယာ တဏှာ
တဏှာ ပစ္စယာ ဥပါဒါနံ
ဥပါဒါန ပစ္စယာ ဘဝေါ
ဘဝ ပစ္စယာ ဇာတိ
ဇာတိ ပစ္စယာ ဇရာ မရဏ သောက ပရိဒေဝဒုက္ခ
ဒေါမနဿုပါယာသာသမ္ဘဝန္တိ
ဧဝ မေတဿကေဝလဿဒုက္ခက္ခန္ဓဿသမုဒယောဟောတိ။

- ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယတောဗြာဟ္မဏဿ

အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ
ယတော ပဇာနာတိ သဟေတုဓမ္မံ။

- အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော
သင်္ခါရ နိရောဓာ ဝိညာဏနိရောဓော
ဝိညာဏ နိရောဓာ နာမရူပ နိရောဓော
နာမရူပ နိရောဓာ သဠာယတနနိရောဓော
သဠာယတန နိရောဓာ ဖဿနိရောဓော
ဖဿ နိရောဓာ ဝေဒနာ နိရောဓော
ဝေဒနာ နိရောဓာ တဏှာနိရောဓော
တဏှာ နိရောဓာ ဥပါဒါန နိရောဓော
ဥပါဒါနနိရောဓာ ဘဝနိရောဓော
ဘဝနိရောဓာ ဇာတိ နိရောဓော
ဇာတိ နိရောဓာ ဇရာ မရဏ သောကပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿနိရောဓော ဟောတိ။

- ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယတော ဗြဟ္မဏဿ
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



- အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ
သင်္ခါရ ပစ္စယာ ဝိညာဏံ
ဝိညာဏ ပစ္စယာ နာမရူပံ
နာမရူပ ပစ္စယာ သဠာယတနံ
သဠာယတန ပစ္စယာ ဖဿော
ဖဿ ပစ္စယာ ဝေဒနာ
ဝေဒနာ ပစ္စယာ တဏှာ
တဏှာ ပစ္စယာ ဥပါဒါနံ
ဥပါဒါန ပစ္စယာ ဘဝေါ
ဘဝ ပစ္စယာ ဇာတိ
ဇာတိ ပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာ သမ္ဘဝန္တိ
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

- အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော
သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော
ဝိညာဏ နိရောဓာ နာမရူပ နိရောဓော
နာမရူပ နိရောဓာ သဠာယတန နိရောဓော
သဠာယတန နိရောဓာ ဖဿ နိရောဓော
ဖဿ နိရောဓာ ဝေဒနာ နိရောဓော
ဝေဒနာ နိရောဓာ တဏှာ နိရောဓော

www.dhammaransi.com



တဏှာ နိရောဓာ ဥပါဒါန နိရောဓော
ဥပါဒါန နိရောဓာ ဘဝ နိရောဓော
ဘဝ နိရောဓာ ဇာတိ နိရောဓော
ဇာတိ နိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

● ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယတော ဗြာဟ္မဏဿ
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

● ဟေတု ပစ္စယော
အာရမ္မဏ ပစ္စယော
အဓိပတိ ပစ္စယော
အနန္တရ ပစ္စယော
သမနန္တရ ပစ္စယော
သဟဇာတ ပစ္စယော
အညမည ပစ္စယော
နိဿယ ပစ္စယော
ဥပနိဿယ ပစ္စယော

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



ပုရေဇာတ ပစ္စယော
ပစ္ဆာဇာတ ပစ္စယော
အာသေဝန ပစ္စယော
ကမ္မ ပစ္စယော
ဝိပါက ပစ္စယော
အာဟာရ ပစ္စယော
ဣန္ဒြိယ ပစ္စယော
ဈာန ပစ္စယော
မဂ္ဂ ပစ္စယော
သမ္ပယုတ္တ ပစ္စယော
ဝိပ္ပယုတ္တ ပစ္စယော
အတ္ထိ ပစ္စယော
နတ္ထိ ပစ္စယော
ဝိဂတ ပစ္စယော
အဝိဂတ ပစ္စယောတိ။

❁ သဗ္ဗေ သတ္တာ သဗ္ဗေပါဏာ
သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ
သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ
သဗ္ဗာ ဣတ္ထိယော သဗ္ဗေပုရိသာ
သဗ္ဗေ အရိယာ သဗ္ဗေအနရိယာ

သုဝဏ္ဏသျှမ်စာစဉ်

www.dhammaransi.com



သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ
သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊
အဗျာ ပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီအတ္တာနံ ပရိဟရန္တု၊
ဒုက္ခာမုစ္စန္တု၊
ယထာ လဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊
ကမ္မဿကာ။

- ပုရတ္ထိမာယဒိသာယ ပစ္ဆိမာယဒိသာယ
ဥတ္တရာယဒိသာယ ဒက္ခိဏာယဒိသာယ
ပုရတ္ထိမာယအနုဒိသာယ ပစ္ဆိမာယအနုဒိသာယ
ဥတ္တရာယအနုဒိသာယ ဒက္ခိဏာယအနုဒိသာယ
ဟေဋ္ဌိမာယဒိသာယ ဥပရိမာယဒိသာယ။

- သဗ္ဗေသတ္တာ သဗ္ဗေပါဏာ
သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ
သဗ္ဗေအတ္တ ဘာဝံ ပရိယာပန္နာ
သဗ္ဗာဣတ္ထိယော သဗ္ဗေပုရိသာ
သဗ္ဗေအရိယာ သဗ္ဗေအနရိယာ
သဗ္ဗေဒေဝါ သဗ္ဗေမနုဿာ

သုဝဏ္ဏသျှမ်စာစဉ်

သဗ္ဗေဝိနိပါတိကာ
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊
ဒုက္ခာမုစ္စန္တု၊
ယထာ လဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

- ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော
သမန္တာ စက္ကဝါဠေသု ယေ သတ္တာ ပထဝီစရာ
အဗျာပဇ္ဇာ နိဝေရာစ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

- ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော
သမန္တာ စက္ကဝါဠေသု ယေ သတ္တာ ဥဒကေစရာ
အဗျာပဇ္ဇာ နိဝေရာစ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

- ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော
သမန္တာ စက္ကဝါဠေသု ယေ သတ္တာ အာကာသေစရာ
အဗျာပဇ္ဇာ နိဝေရာစ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

- ဣတိပိသော ဘဂဝါ အရဟံ
သမ္မာ သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော
သုဂတော လောကဝိဒူ

www.dhammaransi.com



အနုတ္တရော ပုရိသ ဒမ္မသာရထိ
သတ္ထာဒေဝ မနုဿာနံ
ဗုဒ္ဓေါ ဘဂဝါ။

● သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော အကာလိကော ဧဟိ ပဿိကော
ဩပ နေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

● ဇယန္တော ဗောဓိယာမူလေ
သကျာနံ နန္ဒိ ဝဍ္ဎနော
ဧဝ မေဝ ဇယော ဟောတု
ဇယဿု ဇယ မင်္ဂလေ
အပရာဇိတ ပလ္လင်္ကေ
သီသေပုထု ဝိပုက္ခလေ
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ
အဂ္ဂပ္ပတ္တော ပမောဒတိ။

● သုနက္ခတ္တံ သုမင်္ဂလံ
သုပ္ပဘာတံ သုဟုဋ္ဌိတံ
သုခဏော သုမုဟုတ္တောစ
သုယိဋ္ဌံ ဗြဟ္မ စာရိသု

www.dhammaransi.com

မောင်သွေးချွန်

ပဒက္ခိဏံ ကာယကမ္မံ
ဝါစာကမ္မံ ပဒက္ခိဏံ
ပဒက္ခိဏံ မနော ကမ္မံ
ပဏိဓိတေ ပဒက္ခိဏေ
ပဒက္ခိဏာနိ ကတွာန
လဘန္တတ္ထေ ပဒက္ခိဏေ။

(တေ အတ္ထလဒ္ဓါ သုခိတာ
ဝိရုဠှာ ဗုဒ္ဓသာသနေ
အရောဂါ သုခိတာ ဟောထ
သဟ သဗ္ဗေဟိ ဉာတိဘိ)

(သုံးခေါက်)

"အနေကဇာတင်မှ ပြီး၏"

မောင်သွေးချွန်

www.dhammaransi.com

သုဝဏ္ဏသျှမ်စာစဉ် ၂

ဒုတိယအကြိမ်

အမေတွေကို တရားဓမ္မဖြင့် ကျေးဇူးဆပ်ကြပါစို့

## မဟာဗောဓိမြိုင်ဆရာတော်

## ဝနဝါသီဥဒေယျ ဓမ္မသာမိထေရ်

ရေးခဲ့ဟောခဲ့တာတွေထဲက

# အမေ့အတွက် မမေ့တရား

မောင်သွေးချွန်

စုစည်းပူဇော်သည်

သုဝဏ္ဏသျှမ်စာစဉ်

၇၄-သာယာအေးလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း၊

ရန်ကုန်။ ဖုန်း-၆၆၀၆၇၀

www.dhammaransi.com

[illegible]

[illegible] တိုက်

**ဘုရားရှင်နှင့်မခြား တစ်သားပေါ်ပြည်း ကျလိုသော ရဟန်းတော်များအတွက်**

# မဟာဗောဓိမြိုင်ဆရာတော်

## ဝနဝါသီဥဇ္ဈေ ဓမ္မသာမိထေရ်

# ဝိနယသင်္ဂဟ ကထာ

တောထွက်ရဟန်းတော်များ၊ ဒုလ္လဘရဟန်းများနှင့်
ဝိနည်းတော်လေ့လာသူများအတွက်
ဖတ်စရာ မှတ်စရာ ဆောင်စရာ ရှောင်စရာများကို
အနှစ်ထုတ် ဖော်ပြထားသည်။

ပင်မဖြန့်ချိရေး
ဦးခင်မောင်သန်း၊ နတ်တလူသာသနာပြုအသင်း၊
ရန်ကြီးအောင်ရပ် ဖီးကုန်းမြို့။ ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း။
ဖုန်း– ဖီးကုန်း–၅၃

ရန်ကုန်ဖြန့်ချိရေး

သုဝဏ္ဏသျှမ် စာစဉ်
၇၄–သာယာအေးလမ်း၊ ၃–ရပ်ကွက်၊မရမ်းကုန်း၊
ရန်ကုန်၊ ဖုန်း–၆၆၀၆၇၀

www.dhammaransi.com

တဏှာ ယောက်ျား ... ဟဲ့ ...လက်သမား
ငါ သင့်ကို လက်မိလက်ရ မိနေပြီ ။
သင် ဆောက်ခဲ့တဲ့ ဘဝဆိုတဲ့ အိမ်တွေကိုလည်း ငါ မြင်နေပြီ ။
ဒါကြောင့်မို့ ခုချိန်က စပြီး ငါ သင့်ကို ချိုးဖျက်လိုက်ပြီ ။
အလုံးစုံကုန်သော သင့်ရဲ့ အသင်းအပင်း အခြင် ၊ ဒိုင်း ၊ မြား နဲ့တူတဲ့
ကိလေသာ အားလုံးကိုလည်း ချိုးဖဲ့ပြီးပြီ ။
သင့်အိမ်မှာ အထွတ်ကဲ့သို့ တပ်ဆင်ထားတဲ့
' အဝိဇ္ဇာ ' တည်းဟူသော ကိလေသာကိုလည်း
ငါ ချိုးဖဲ့ ဖျက်ဆီးပြီးပြီ ။
တဏှာတို့ရဲ့ ကုန်ခမ်းရာ ၊ ပြုပြင်မှုကင်းရာ နိဗ္ဗာန်သို့လည်း
အာရုံပြုသောအားဖြင့် ရောက်ပြီ ။

မဟာဗောဓိမြိုင် ဆရာတော်
ဝနဝါသီ ဥုဩယျဓမ္မသာမိထေရ်
တံခွန်ထူ နတ်လှူဒိစေသား

ဘုရား အနေကဇာတင်ရခြင်း အကြောင်းရင်း ရှင်းလင်းချက် နှင့် အနေကဇာတင်မှု အပြည့်အစုံ

မောင်သွေးချွန်

ရ စ ည် း ပ ူ ဇေ ာ် သ ည်